# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီ စည်း ရုံး ရေး စာ စဉ်

ဇန်နဝါရီ၊ ၂၀၂၄



## ဒီလစကား

# လွတ်လပ်ရေးကို တိုက်ပွဲနဲ့ရေးကြပါစို့

အခု လက်ရှိဟာ ၂၀၂၄ ခုနှစ်၊ ဇန္နဝါရီ ဖြစ်လေတော့ မိမိတို့ဗမာပြည်ကို လွတ်လပ်ပြီလို့ ကမ္ဘာသိ ကြေညာခဲ့တာ (၇၆) နှစ် ဖြစ်ပါပြီ။

ဆရာမောင်ထင်ရဲ့ ငဘ ဝတ္ထုထဲက စာသားတချို့ အမှတ်ရပါတယ်။ **'လွတ်လပ်ရေးကို သွေးနဲ့ ရေးတော့ ငန်ညီညီ နေတာပေါ့'** တဲ့။ လယ်သမားငဘကို ဂျပန်က ပါးရိုက်တော့ သွားကျွတ်တယ်။ ထွေးထုတ်ရင် အမြင်တော်စောင်းပြီး ငြိုငြင်မစိုးလို့ သွေးနဲ့သွားကို မျိုချရတယ်။ ခံတွင်းထဲ ငန်ညီညီနဲ့ မခံချိဖြစ်နေတဲ့ငဘ ခေါင်းမော်အကြည့်– ဝါဒဖြန့် ဆိုင်းဘုတ်ကြီးမှာက လွတ်လပ်ရေးကို သွေးနဲ့ရေးရမည် ဆိုဘဲ။ အဲ့ဒီမှာ ငဘခေါင်းထဲ အစောကလို တွေးမိကြောင်း ဆရာမောင်ထင်ရဲ့ ဝတ္ထုမှာ ဖတ်မှတ်ရဖူးတာပါ။

မိမိတို့ ဗမာပြည် လူမျိုးစုံပြည်သူတွေ ရခဲ့သမျှ လွတ်လပ်ရေးဆိုတာတိုင်းဟာ ဂျပန်ပေး လွတ်လပ်ရေးမျိုးချည်း ပါဘဲ။

နိုင်ငံရေး – ဒီတိုင်းပြည်မှာ အဆက်ဆက်သော အာဏာရအစိုးရများ မနှစ်မြို့တဲ့ နိုင်ငံရေးမျိုး လုပ်မိရင် အသက်တိုမယ့်အကြောင်း အစိုးရမင်းများက ဒိဋ္ဌဆတ်ဆတ် လက်တွေ့ပြခဲ့ကြတယ်။

စီးပွားရေး – အာဏာပိုင် အစိုးရအဆက်ဆက် မကြည်ဖြူရင် ဘယ်စီးပွားရေးမှ မကြီးထွား၊ မကြီးပွားနိုင်။ စီးပွားရေးဥပဒေသ မှန်သမျှ အာဏာနဲ့ အရှုံးပေးပန်း မောင်းနှင်ခံရမှုအောက်မှာ ထွက်ပေါက်မဲ့ ဝင်္ကပါထဲ ဖရိုဖရဲ ဖြစ်ရတယ်။ လူမှုရေး–အာဏာနဲ့ မပတ်သက်သူတိုင်း ဒုတိယတန်းစား နိုင်ငံသားဘဝ ရောက်ရတယ်။ လူမျိုးစု၊ လူနည်းစုတွေဆို သာလို့သာ ဆိုးကြရတယ်။

၁၉၆၂ ဗိုလ်နေဝင်းရဲ့ စစ်မင်းဆက်ကြီး ထူထောင်ခဲ့ပြီးနောက်မှာ အဲ့ဒီ မလွတ်လပ်မှု၊ တန်းမတူမှု၊ မတရားမမျှတမှု တွေဟာ အာဏာရအဝန်းအဝိုင်းအတွက် ပိုလို့ပိုလို့သာအတည်တကျဖြစ်ခဲ့တယ်။ လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူ တရပ်လုံးအတွက် ခွဲခြားဖိနှိပ်ခံရခြင်းဟာ မွေးရာပါဝဋ်နာတခုလို ခံစားခဲ့ကြရတယ်။ အတိအကျဆိုရရင် လွန်ခဲ့တဲ့ (၇၆) နှစ်လုံးလုံး မိမိတို့တိုင်းပြည်မှာ ရေပေါ်ဆီ လူတစုကဘဲ လွတ်လပ်ရေး ရခဲ့တယ်။

မလွတ်လပ်တဲ့ အခြေအနေအောက်မှာ တန်းတူမှုဆိုတာ မေးခွန်းထုတ်စရာ ဖြစ်တယ်။ လွတ်လပ်မှုနဲ့ တန်းတူမှု ဆိတ်သုဉ်းတဲ့အခါ တရားမျှတမှုဆိုတာ ကြေကွဲစရာအကောင်းဆုံး ပြက်လုံးပါပဲ။


ဒီနေ့ မိမိတို့တိုင်းပြည်မှာ အကျယ်အပြန့် ဖြစ်ပွား၊ ပေါ်ပေါက်နေတဲ့ နွေဦးတော်လှန်ရေး–ပြည်သူ့ ခုခံစစ်ပွဲဟာ ဘယ်သောအခါမှ လွတ်လပ် တန်းတူ မျှတမှုတွေကို လက်တွေ့မခံစားခဲ့ကြရတဲ့ လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ လွတ်မြောက်ရေးတိုက်ပွဲ အခန်းဆက်ဖြစ်တယ်။

ပါတီရဲ့ အထွေထွေနိုင်ငံရေးသဘောထားမှာ မိမိတို့ပါတီရဲ့ စံတန်ဘိုး ၃ ရပ် နဲ့ ပတ်သက်လို့ အတိအလင်း ခွဲခြမ်းစိပ်ဖြာ ပြထားပါတယ်။ အလားတူ ပါတီရဲ့ နိုင်ငံရေး ရပ်တည်ချက် ၄ ရပ်ကိုလည်း တိတိကျကျ ရှင်းရှင်းလင်းလင်း ဖေါ်ပြခဲ့ပြီးဖြစ်တယ်။

ဒီ့ကြောင့် ပါတီရဲဘော်တိုင်းရဲ့ နိုင်ငံရေးတာဝန်ဟာ ဗမာပြည်လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူလူထု ကြီးနဲ့အတူ နွေဦးတော်လှန်ရေး–ပြည်သူ့ခုခံစစ်ပွဲအတွင်း ကျရာ၊ ဆီလျော်ရာ တာဝန်များ ထမ်းရွက်ရင်း အားဖြည့်ပါဝင်ကြဖို့ ဖြစ်တယ်လို့ ဒီလစကား ပါးလိုက်ပါတယ်။

*ရည်ညွှန်း။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ပါတီဝင်လက်စွဲပါ စံတန်ဘိုး ၃ ရပ် နှင့် အထွေထွေ နိုင်ငံရေးရပ်တည်ချက်*

# ဉာဏ်သမား



လိပ်ပြာ၏ရန် ပိတုန်းလုန်လည်း
ပန်းမာလ်တို့အတွက် မဟုတ်ခဲ့။

ကျားအန္တရာယ် မုဆိုးကယ်လည်း
သားငယ်တို့တွက် မဟုတ်ခဲ့။

ပိတုန်း လိပ်ပြာ လှည့်ကွက်ရှာပြီး
ပန်းမာလာတို့ ညီညွတ်ကြ။

မုဆိုးနှင့်ကျား ဉာဏ်ကစားပြီး
သားငယ်တို့လည်း ညီညွတ်ကြ။

**တင်မိုး**
(လေ့တစင်းနှင့် သိချင်းသည်မှ)



# လူထုအောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင်သဘောထား ၁/ ၂၀၂၄

## သင်္ချိုင်းတံခါးဝရောက် စစ်အာဏာရှင်စနစ်

၁။ ၂၀၂၁၊ ဖေဖော်ဝါရီ (၁) ရက် စစ်အာဏာသိမ်းမှုရဲ့နောက်ဆက်တွဲ ရလဒ်အဖြစ် လူမျိုးပေါင်းစုံ ဗမာပြည်သူများရဲ့ ခုခံစစ်(နွေဦးတော်လှန်ရေး) ဟာ တိုင်းပြည်ရဲ့ တနံတလျားမှာ အရှိန်အဟုန်ကြီးစွာ ပေါ်ပေါက်ခဲ့တာ ၃ နှစ် ပြည့်ခါနီးပြီဖြစ်တယ်။ ဒီ ၃ နှစ်နီးနီးကာလမှာ အာဏာသိမ်းစစ်အုပ်စုဟာ ကိုယ်ဝန်ဆောင်အမျိုးသမီးနဲ့ ကလေးငယ်တွေအပါအဝင် ထောင်နဲ့ချီတဲ့ ပြည်သူတွေကို သတ်ဖြတ်ခဲ့တယ်။ သောင်းနဲ့ချီပြီး ဖမ်းဆီးနှိပ်စက်ခဲ့တယ်။ စာသင်ကျောင်း၊ ဘုရားကျောင်းနဲ့ ဘာသာရေးအဆောက်အအုံတွေ အပါအဝင် သောင်းချီတဲ့ အရပ်ဖက် အဆောက်အအုံတွေကို တိုက်ခိုက်ဖျက်ဆီးခဲ့တယ်။ စစ်ပြေးဒုက္ခသည် ၄ သန်းနီးပါး ပေါ်ပေါက်ခဲ့ရတယ်။

၂။ ၁၀၂၇ လို့ အမည်ပေးထားတဲ့ မြောက်ပိုင်းညီနောင် ၃ ဖော်ရဲ့ အာဏာသိမ်း စကစအပေါ် စစ်ရေးထိုးနှက်ချက်ဟာ နွေဦးတော်လှန်ရေး ၃ နှစ် ပြည့်ခါနီး ၅ လအလိုမှာ နွေဦးတော်လှန်ရေးကို အားဖြည့်ပါဝင်ပြီး မြန်မာ့မြေပေါ်မှာ စစ်အာဏာရှင် အမြစ်ဖြတ် သုတ်သင်ရေးကို ဆင်နွှဲမယ်လို့ ကြွေးကြော် ပေါ်ပေါက်ခဲ့တယ်။ သူတို့ကို ကြိုဆို တုန့်ပြန်အားဖြည့် တိုက်ပွဲဆင်လာတဲ့ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ကရင်နီ စတဲ့ဒေသတွေက နွေဦးတော်လှန်ရေးအင်အားစုတွေရဲ့ စစ်ရေးလှုပ်ရှားမှုတွေကလည်း အာဏာသိမ်း စကစ ကို မျက်ဖြူဆိုက်စေခဲ့တယ်။

၃။ မြို့ကြီးတွေရဲ့ ၆၇ %မှာ တိုက်ပွဲတွေ ဖြစ်နေပြီး စစ်ကောင်စီတပ် အများအပြား လက်နက်ချကြတယ်။ စစ်အုပ်စုက သူ့ ဓလေ့ဘာဝအတိုင်း အရပ်သားပစ်မှတ်တွေမချန် ရက်ရက်စက်စက် တုန့်ပြန်သတ်ဖြတ်တဲ့နည်းနဲ့ ခုခံတန်ပြန်ပေမယ့် လူထုထောက်ခံမှု ချုံးချုံးကျတဲ့အထိ ဆုံးရှုံးခဲ့တဲ့ စစ်အုပ်စုဟာ ထောက်လှမ်းရေးသတင်းရရှိမှုကအစ ဆုံးရှုံးနေပြီမို့ မြို့ကြီးများရဲ့ ၄၆ %ကို မထိန်းချုပ်နိုင်တဲ့အခြေ ဆိုက်ခဲ့တယ်။

၄။ တပ်တွင်း အကျပ်အတည်းတွေ မကြုံစဖူးပေါ်ပေါက်ခဲ့ပြီး ထိပ်တန်းဗိုလ်ချုပ်ကြီးတွေကို အရေးယူတာမျိုး ဖြစ်လာခဲ့တယ်။ ၂၀၂၃၊ နိုဝင်ဘာ – အာဆီယံရဲ့ အလှည့်ကျဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားက တာဝန်ယူတဲ့သက်တမ်းမကုန်ဆုံးခင် ဂျာကာတာမှာ လုပ်ခဲ့တဲ့ မြန်မာ stakeholder အသီးသီးကို တွေ့ဆုံပွဲ (တပြိုင်တည်း မျက်နှာစုံညီတွေ့တာမဟုတ်၊ တဖွဲ့ချင်းစီ၊ အုပ်စုတစုစီ သီးခြားစီခွဲတွေ့ ဆွေးနွေးတာပါ။) အဲ့ဒီတွေ့ဆုံမှုမှာ စကစ ကိုယ်စားလှယ်အဖွဲ့လည်း သွားတွေ့တယ်။ ငြိမ်းချမ်းရေးဆိုင်ရာအတွက် တရားဝင်ခန့်အပ်ထားတဲ့ ဗိုလ်ချုပ်ရာပြည့် သိတောင်မသိဘူး။ ပြောရေးဆိုခွင့်ရှိသူ ဆိုတဲ့သူက သွားမတွေ့ပါဘူး ငြင်းတယ်။ (အာဆီယံ ဘုံသဘောတူချက်ဆိုတာကို အဖက်မှုတောင် မလုပ်ဖူးတဲ့) စကစရဲ့ ကိုယ်စားလှယ်များ သွားတွေ့ကြတာဟာ အာဆီယံ (သို့) နိုင်ငံတကာအပေါ် တစုံတရာ မှီခိုပြီး စေ့စပ် ဆွေးနွေး ကျေအေးမှုလမ်းကို (အပေါ်စီးကများထွက်နိုင်မလား မျှော်မှန်းပြီး) စနည်းနာကြည့်တယ် ဆိုနိုင်တယ်။

၅။ စကစဟာ နိုင်ငံသားပြည်သူတွေအပေါ် အကြမ်းတမ်းဆုံး သတ်ဖြတ်မှုတွေ ကျူးလွန်ပြီးတဲ့အခါ သူလုပ်နေကျ ဖော်နည်းကားအတိုင်း ချကွေးစရာ နိုင်ငံရေးထွက်လမ်း မရှိဘူးဖြစ်နေတယ်။ ရွေးကောက်ပွဲဆိုတာက ပြည်သူလူထု၊ တော်လှန်ရေးအင်အားစု အသီးသီးနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အသုံးမဝင်ဘူး။ ဂျာကာတာဆွေးနွေးပွဲ ဆိုတာကလည်း မှန်းချက်နဲ့ နှမ်းထွက်မကိုက်တော့ အရှုံးကွက် ပြန်နင်းဖို့ အားထုတ်နေရတယ်။
အရေးပေါ်ဆေးမြီးတိုအဖြစ် ညီနောင် ၃ ဖော်နဲ့ လက်သိပ်ထိုး အပေးအယူလုပ်ဖို့ အားထုတ်တော့လည်း ဈေးကမတည့်၊ တည့်လာစရာလည်း မမြင်မိပါ။
တပြိုင်တည်း တိုင်းပြည်ရဲ့စီးပွားရေးဟာ မကြုံစဖူးပြိုလဲနေတယ်။ ကပေါက်တိကပေါက်ချာ အနေအထားလို့တောင် ဆိုနိုင်တယ်။

၆။ တိုင်းပြည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမယ်လို့ ဗိုလ်မြင့်ဆွေက လှန့်ချီပေးလာတယ်။ တိုက်လို့ရတဲ့ နယ်မြေကို ကိုယ့်စီးရိုးအဖြစ် ကာကြရင် လူမျိုးစုချင်း ပဋိပက္ခတွေ ရှုပ်လာမှာပေါ့လို့ စစ်ရေးအရှိန် လျော့စေမယ့် တီးတိုးတီးတိုး အသံတွေ လွှင့်လာကြတယ်။ ''စစ်ဘုရင်ဝါဒ'' လို့ ဒေဝေါကြီး ... ဆိုတာမျိုးလို အလန့်တကြားလိုလို ပွဲတင်သံ ပေးလာတယ်။

၇။ မိမိတို့ပါတီအနေနဲ့ ထင်မြင်ချက် ပေးရရင် စစ်အာဏာရှင်စနစ်ရဲ့ သွေးရူးသွေးတန်း ရုန်းကန်မှုတွေ၊ အသက်ရှူချောင်ရာချောင်ကြောင်း နည်းနာတွေ အားလုံး သက်တမ်းလွန် (expired)ဆေးတွေပါ။ အကြောင်းက ဗမာပြည်မှာ လူမျိုးပေါင်းစုံပြည်သူတွေ တခဲနက်ဆင်နွှဲနေကြတဲ့ နွေဦးတော်လှန်ရေး ပြည်သူ့ခုခံစစ်ကြီး ပေါ်ပေါက်ခဲ့ပြီ ဖြစ်လို့ပါပဲ။ နွေဦးတော်လှန်ရေး လက်တွေ့တိုက်ပွဲရဲ့ ရပ်တည်ချက် (stand)နဲ့ တိမ်းညွှတ်မှု (trend) ကို ဘယ်လိုအင်အားစုမျိုးနဲ့ ဘယ်လိုလမ်းလွှဲမှု၊ ဘယ်လိုသွေဖီမှုမျိုးကမှ ကျော်လွှန်ဖို့ မဖြစ်နိုင်ပါ။ ဒါက လူမျိုးစုံပြည်သူတွေ ဖောက်တဲ့လမ်းပါ။ မျှော့သွေးစမ်းမိတဲ့ ဖောက်ပြန်သူတွေသာ ကိုယ်တူးတဲ့မြောင်းထဲ ကိုယ့်ဖာသာပြန်ကျမှာပါပဲ။ စစ်အာဏာရှင်ကို သုတ်သင်တဲ့တိုက်ပွဲကလည်း စစ်အာဏာရှင်စနစ်ထက် ပိုကလီရှေးဖြစ်တဲ့၊ ပိုခေတ်နောက်ကျတဲ့ ဘယ်စနစ်မျိုး၊ ဘယ်တိမ်းညွှတ်မှုမျိုးကိုမှ ခေါင်းထောင်ခွင့်ပေးမှာ မဟုတ်ပါ။ ဒါက တိုက်ပွဲရဲ့ လက်တွေ့သဘောပါ။ သမိုင်းဟာ နောက်ကိုပြန်ရိုးမရှိပါ။

၈။ ဒါကြောင့် တော်လှန်ရေး ၃ နှစ်နီးတဲ့ အကြိုကာလ နိုင်ငံရေး၊ စစ်ရေး အလှည့်အပြောင်းတွေဟာ ပြည်သူ့ရန်သူ စစ်အာဏာရှင်စနစ်(စစ် ၃ စစ်) ရဲ့ သင်္ချိုင်းတံခါးဝကို ဆွဲဖွင့်လိုက်ပြီဖြစ်တယ်လို့ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ သဘောထားအမြင်ကို ဖော်ပြအပ်ပါတယ်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)
၂၀၂၄ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။

# မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နဲ့ စစ်ရေးအခြေအနေများ

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့် DVB တွေ့ဆုံဆွေးနွေးခန်း

**DVB :** ကျနော်တို့ ဒီနေ့ တွေ့ဆုံမေးမြန်းမယ့်သူကတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် ဖြစ်ပါတယ်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာဆိုရင် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပါတီဖြစ်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးဒေသမှာလည်း သွားရောက်ခဲ့တဲ့ အတွေ့အကြုံရှိတဲ့ ပါတီလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့လက်ရှိဖြစ်ပေါ်နေတဲ့ ၁၀၂၇ စစ်ဆင်ရေး၊ တရုတ်ရဲ့နောက်ခံနဲ့ အပစ်အခတ်ရပ်စဲရေးတွေ ဖြစ်ပေါ်နေတဲ့အပေါ်မှာ မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့နဲ့ စစ်ရေးအခြေအနေတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၁၀၂၇ စစ်ဆင်ရေးဟာဆိုရင် လက်ရှိအနေအထားမှာ တရုတ်ရဲ့ ဝင်ရောက်စေ့စပ်ပေးမှုနဲ့ အပစ်အခတ် ရပ်စဲရေး ယာယီဖြစ်နေတာကို အကြမ်းဖျင်း ဘယ်လိုသုံးသပ်မလဲ။

**ဦးအောင်မိုးဇော်** : ကျိန်းသေတာကတော့ မြောက်ပိုင်းညီနောင်အဖွဲ့အစည်းတွေ၊ ကျနော်တို့ရဲ့ မဟာမိတ်အဖွဲ့အစည်းတွေဟာ တရုတ်ရဲ့တွန်းအား၊ ဖိအားကိုတော့ သူတို့မှာ တစုံတရာ ရှောင်လွှဲနိုင်ဖို့ ခက်ပါတယ်။ သူတို့မှာ ဒီနေ့ ဒီမှာ စကားပြောတယ်၊ စကားပြောပြီးတော့ ပြေလည်သလိုဖြစ်တယ်။ နောက်ရက်မှာ သူတို့ဒေသတွေ ဗုံးကျဲခံရတာပဲ။ ဒီအပစ်အခတ်ရပ်စဲရေးကိစ္စက လက်တွေ့မှာတော့ ခိုင်မာလိမ့်မယ်လို့ ကျနော်က မယူဆဘူး။ တရုတ်ကတော့ သူလုပ်စရာရှိတာကို လုပ်မှာပဲ။ ကျိန်းသေတာက ကိုးကန့်လိုဒေသမျိုးမှာ စစ်အုပ်စုက ဆုတ်ပေးလိုက်ရတဲ့အခြေအနေရှိတယ်။ အကုန်လုံးလည်း သိတဲ့အတိုင်းပဲ၊ ပလောင်ကလည်း သူရဲ့နယ်မြေအများအပြားကို ထိန်းသိမ်းလာနိုင်တဲ့ အခြေအနေရှိတယ်။ အဲ့လို အခြေအနေမျိုးမှာ စစ်အုပ်စု၊ စစ်ကောင်စီကလည်းပဲ တဖက်မှာ ကျားဖြန့်တို့ ဘာတို့နဲ့ သူ့အပေါ်မှာ pressure တွေ တအားများနေတဲ့အချိန်မှာ တရုတ်ရဲ့အကူအညီနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ဖို့ ကြိုးစားကောင်း ကြိုးစားမယ်။ ဒါပေမဲ့လို့ လက်တွေ့မှာ သူလည်းပဲ လိုက်နာရခက်တယ်။ ဒါကြောင့်မို့ သူတို့တဖက်နိုင်ငံမှာ ဆွေးနွေးပွဲလုပ်တယ်၊ သဘောတူညီချက်တွေ ရတယ်။ နောက်ရက်မှာ သူတို့ ဗုံးကြဲတာ၊ တိုက်ခိုက်တာ လုပ်တာပဲ။ အဲ့ဒီ ဆွေးနွေးမှုဖြစ်စဉ်၊ သဘောတူညီမှုဖြစ်စဉ်ဟာ လက်တွေ့မှာ မခိုင်မာဘူးလို့ ကျနော်အနေနဲ့ ယူဆပါတယ်။

**DVB :** အခုဆိုရင် ဆွေးနွေးတာ သုံးကြိမ်ရှိပြီပေါ့။ သုံးကြိမ်ဆွေးနွေးတဲ့အခါ ပထမအကြိမ်မှာတော့ အကောင်အထည် မပေါ်ဘူး၊ ဒုတိယအကြိမ်မှာတော့ ယာယီအပစ်အခတ်ရပ်စဲရေး ဒီဇင်ဘာအကုန်မှာ ရတယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောတယ်။ ပြောပြီးနောက်နေ့မှာ တိုက်ပွဲတွေပြန်ဖြစ်တာပဲ။ ရယ်စရာကြီး ဖြစ်နေတာပေါ့။ အခု တတိယအကြိမ်မှာလည်း ဒီလိုပဲပြောပြီး တရက်နှစ်ရက်မှာ တိုက်ပွဲတွေ

ပြန်ဖြစ်တာပဲ။ အဲ့အခါကျတော့ အားလုံးက သိပြီးတဲ့အတိုင်း ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးလို့ ပြောပေမယ့် တဖက်က စစ်အင်အားတွေဖြည့်တင်းတာ၊ တဖက်ကနေပြီးတော့ လေယာဉ်တွေနဲ့ တိုက်တာတွေ ရှိတယ်ပေါ့။ အဲ့ဒါတွေက ဒီလောက်ထိအောင် စခန်းတွေလည်းကျဆုံးနေပြီ၊ နိုင်ငံရေးအရလည်း ရှုံးနိမ့်နေတဲ့ အချိန်မှာ စစ်ကောင်စီက ဘာဖြစ်လို့ ဒီလိုမျိုး အရပ်စကားနဲ့ပြောရရင် ကတိမတည်တာလဲ။ ဘာကြောင့် ဒီစစ်ဆင်ရေးတွေကို လုပ်နေတယ်လို့မြင်လဲဗျ။

**ဦးအောင်မိုးဇော်** : ပထမတချက်အနေနဲ့ကတော့ လက်တွေ့မှာ စစ်ကောင်စီက ထိုးစစ်အသွင်ကနေ ခံစစ်အသွင် ပြန်ယူဖို့အတွက် ကြိုးစားနေတာ ဖြစ်တယ်။ သူတို့တပ်တွေကို သူတို့တပ်စခန်းမှာ ပြန်စုပြီးတော့ ခံစစ်အသွင် ခုခံဖို့ပေါ့နော်။ မြို့ကြီးတွေမှာကြည့်ရင်တောင်မှ မြို့ကြီးတွေထဲ မဝင်တော့ဘဲနဲ့ သူတို့တပ်စခန်းတွေထဲက ပြန်ပြီးတော့ခုခံနေတဲ့ အနေအထားရှိတယ်။ တဖက်မှာလည်း လေယာဉ်သုံးပြီးတော့ တော်လှန်ရေးအုပ်စုတွေကို ချေမှုန်းနေတဲ့ အနေအထားဖြစ်တာပေါ့။ မြေပြင်မှာက သူတို့တပ်အင်အားကို သုံးနိုင်တဲ့ အနေအထားဖြစ်တယ်လို့ ယူဆတယ်။

ဒါပေမဲ့ တပြိုင်နက်တည်းမှာပဲ သူတို့တပ်စခန်းတွေကို ပြန်ပြီးတော့ စုပြီးတော့ ခံစစ်အသွင်ကို ပြောင်းပြီးတော့ သူတို့ကြိုးစားနေတယ်။ ကျိန်းသေတာက ရန်သူမှာရှိတဲ့ စစ်အုပ်စုမှာရှိတဲ့ တိုက်ခိုက်ရေး အင်အားစုတွေက တနိုင်ငံလုံးဖြစ်နေတဲ့အခြေအနေအောက်မှာ လောက်ငှတဲ့အခြေအနေမရှိဘူး။ သူ နဂိုကတည်းကလည်း စစ်သားစုဆောင်းရေးကိစ္စတွေကို မလုပ်ခဲ့ဘူး။ စစ်သားစုဆောင်းရေးကို အကြောင်း ပြပြီးတော့ သူတို့ရိက္ခာ ထုတ်စားတာပေါ့ဗျာ။ တပ်ရင်းတရင်းမှာ လူ ၇၀၀ ရှိတယ်ဆိုရင် တကယ်ရှိတာက ၁၀၀၊ ၂၀၀ ပဲရှိတာ။ ၅၀၀ စာ ထုတ်မယ်၊ ၇၀၀ စာ ထုတ်မယ်၊ အဲ့ဒါလည်း သူတို့စီးပွားရေးကို လုပ်နေတာ။ ဒီလိုအခြေအနေမျိုး တတိုင်းတပြည်လုံးက အုံကြွတော်လှန်တဲ့ အခြေအနေမျိုးမှာ သူတို့ တတိုင်းတပြည်လုံးကို ဖြန့်ကျက်ပြီးတော့ ခုခံနိုင်တာ၊ ပြန်ပြီးတော့ ထိုးစစ်ဆင်နိုင်တာ မရှိတော့ဘူး။ သူတို့ရဲ့ Military capacity အခြေအနေလည်း ခင်ဗျားတို့မျက်မြင်ပဲ။ သူတို့ရဲ့အခြေအနေက တော်တော်လေးကို ယုတ်လျော့နေပြီဖြစ်တယ်။




နောက်တခုက ကျနော်တို့ တော်လှန်ရေးတပ်တွေမှာက လက်တွေ့မှာက လက်နက်ခဲယမ်း ပြည့်စုံတာ မဟုတ်ဘူး။ မပြည့်စုံပေမယ့်လို့ ဒီပုဂ္ဂိုလ်တွေ၊ ဒီစကစကို ဦးကျိုးသွားအောင် နောက်ဆုတ်သွားအောင် လုပ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ မျက်မြင်ကိုယ်တွေ့ပဲ။ ကျိန်းသေတာကတော့ ဒီစစ်အုပ်စုကတော့ ပြုတ်လုလု အခြေအနေတော့ ဖြစ်နေပြီ။ ဒါပေမဲ့ သူတို့

မှာက လက်ရှိခေါင်းဆောင်မှုကို အစားထိုးဖို့က ကနေ့ အနေအထားမှာ မဖြစ်နိုင်သေးဘူး။ ဖြစ်နိုင်တဲ့ အနေအထားကို မတွေ့ရသေးဘူး။ အဲ့ဒါကြောင့်မို့လို့ တတ်နိုင်သမျှ ခုခံပြီးတော့၊ တတ်နိုင်သမျှ ဆက်ထိန်းနိုင်ဖို့ ကြိုးစားနေတယ်လို့ ကျနော် ယူဆပါတယ်။

**DVB :** အခု လက်ရှိအခြေအနေမှာတော့ နွေဦးတော်လှန်ရေးက ၃နှစ်ပြည့်လာတော့မယ်။ အဲ့ဒီအချိန်မှာပဲ ၁၀၂၇ စစ်ဆင်ရေးက ဒီဟာကို တဆင့်မြှင့်တယ်လို့ ပြောလို့ရမှာပေါ့နော်။ ၁၀၂၇ စစ်ဆင်ရေးရဲ့ အရှိန်ကြောင့်ပဲ မြို့တွေအများကြီး စခန်းတွေအများကြီးကို သိမ်းနိုင်တယ်။ အခု ယာယီ အပစ်အခတ်ရပ်စဲထားရာကနေ ရှေ့အခြေအနေအလားအလာ၊ ကိုးကန့်အဖွဲ့ရဲ့ အခြေအနေအလားအလာ၊ တအောင်းနဲ့ AA အဖွဲ့တွေရဲ့ အလားအလာ၊ နွေဦးတော်လှန်ရေးရဲ့ အလားအလာ ဆက်စပ်မှုတွေကို ဘယ်လိုများ ဆွေးနွေးမလဲ။

**ဦးအောင်မိုးဇော် :** ကျိန်းသေတာကတော့ ၁၀၂၇ စစ်ဆင်ရေးဟာ ကျနော်တို့တော်လှန်ရေးကို ရှေ့ကို တဆင့် တကယ်ကိုတိုးသွားစေတာ ဖြစ်တယ်။ ညီနောင်သုံးဖွဲ့ရဲ့ စစ်ဆင်ရေးသာမဟုတ်ပါဘူး ညီနောင်သုံးဖွဲ့နဲ့ အတူပဲ ကရင်နီဒေသ ကရင်နီအမျိုးသားတွေ တော်လှန်နေတဲ့ တော်လှန်စစ်၊ ခုခံစစ်။ အဲ့လိုပဲ ဒီဘက်မှာလည်း KNU တပ်မဟာ ၂၊ တပ်မဟာ ၃ အဲ့ဒေသတွေရဲ့ လှုပ်ရှားမှုတွေကလည်း ဒီကနေ့ ရန်သူကို အကြီးအကျယ် အကြပ်အတည်းတွေ့စေတယ်လို့ ပြောချင်ပါတယ်။ သို့သော်လည်းပဲ ရန်သူက အလွယ်တကူပဲ နောက်ဆုတ်ပေးသွားလိမ့်မယ်လို့ ကျနော်တို့ မယူဆစေချင်ဘူး။ ကျနော်တို့ သမိုင်းမှာ ရှိခဲ့တယ်၊ ပြည်တွင်းစစ်သမိုင်းမှာ ရန်ကုန်အစိုးရလို ရန်ကုန်ကွက်ကွက်လေး ကျန်နေတာတောင်မှ သူတို့ ခံတိုက်ခဲ့တယ်။ တတိုင်းပြည်လုံး အခြေအနေကို ပြန်ထိန်းနိုင်အောင် သူတို့ ကြိုးစားခဲ့တယ်။ ရန်ကုန်အစိုးရရဲ့ အနေအထားက၊ အခုလည်းပဲ နေပြည်တော်အစိုးရလို့ ပြောပြော တခြားဒေသကို ပြောင်းချင်ပဲပြောင်းပြောင်း အဲ့လောက်အခြေအထိ ဒီကောင်တွေ ခံတိုက်နိုင်တယ်ဆိုတာကတော့ ကျနော်တို့ တော်လှန်ရေး အင်အားစုတွေ သေသေချာချာ သတိရှိဖို့လိုလိမ့်မယ်လို့ ကျနော်ထင်တယ်။ ခေတ်အခြေအနေချင်းတော့ မတူဘူးပေါ့ဗျာ။ ၁၉၅၀ လွတ်လပ်ရေး ရပြီးကာစ အခြေအနေနဲ့ အခုအခြေအနေ မတူဘူးပေါ့။ ဒီနေ့အခြေအနေမှာဆိုရင် နိုင်ငံတကာက ထောက်ခံမှုအရပ်ရပ်က သူတို့ဘက်မှာ လုံးလုံးမရှိတဲ့ အနေအထားတော့ဖြစ်တယ်။ ဒါတောင်မှ ထိုင်းက တစုံတရာ ရှိနေသေးတယ်လို့ ပြောလို့ရတယ်။ အိန္ဒိယက သူတို့ကို ထောက်ခံနေတုန်းပဲ၊ ပံ့ပိုးနေတုန်းပဲ။ တရုတ်က မပြောပေမယ့်လို့ ထောက်ခံနေတုန်းပဲ။ သူတို့ကို အကူအညီပေးနေတုန်းပဲလို့ ယူဆလို့ရတယ်။ အဲ့လိုယူဆလို့ရတဲ့ အခြေအနေအောက်မှာ ကျနော်တို့ ဒီဖက်မှာရှိတဲ့ တော်လှန်ရေး အင်အားစုတွေရဲ့ စစ်ရေးအရ အောင်မြင်မှုကို အလွယ်တကူ အဆုံးသတ်နိုင်လိမ့်လို့ အလွယ်တကူတော့ မတွက်ချက်စေချင်ဘူး။ နောက်ဆုံးအခြေအနေအထိ ဒီကောင်တွေ ခံချနိုင်တယ်၊ နောက်ဆုံးအခြေအနေ အထိ ခံချမှာလို့ အဲ့လိုတွက်ထားဖို့တော့ လိုလိမ့်မယ်လို့ ကျနော့်အနေနဲ့ ယူဆပါတယ်။

**DVB :** သူတို့ကလည်း ပြင်ဆင်နေတယ်။ ပြင်ဆင်နေတဲ့နေရာမှာ နည်းမျိုးစုံ သုံးတယ်။ သတင်းအမှားတွေ လုပ်တာ၊ ဘာသာရေးမှိုင်းတိုက်တာ၊ တခြားနည်းမျိုးစုံပေါ့နော်။ ပြည်သူ့စစ်တွေစုတာ။ တချက်က

မကြာခင် ကပဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပါတီတွေနဲ့တွေ့ဆုံတာ လုပ်သွားတဲ့အခါမှာ ပါတီတွေကို တော်လှန်ရေးသတိတွေ ရှိကြဖို့ဆိုပြီးတော့ စစ်ခေါင်းဆောင်က ခိုင်းသလို ပါတီဘက်ကလည်း အထူး သဖြင့်တော့ ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီဘက်ကလည်း ဦးဝဏ္ဏမောင်လွင်က စစ်တိုက်ဖို့လိုအပ်ရင် ပါတီတွေ ဘက်က ဝင်တိုက်ပေးမယ်ဆိုတာ ပြောတယ်။ ဒီစကားရဲ့အသွားအလာပေါ်မှာ၊ ဒီအခြေအနေအပေါ်မှာ ဘယ်လိုများ သုံးသပ်ချင်ပါသလဲ။

**ဦးအောင်မိုးဇော်** : ကျိန်းသေတာကတော့ ဒီကနေ့စစ်တပ်မှာ၊ စကစမှာ သူ့ကို အခိုင်အမာထောက်ခံတဲ့ အုပ်စုရှိတယ်။ သူ့ကို အခိုင်အမာထောက်ခံတဲ့အုပ်စုက ကြံ့ခိုင်ရေးအုပ်စုပေါ့နော်။ ကြံ့ခိုင်ရေးခေါင်းဆောင် ပိုင်းတွေ၊ ကြံ့ခိုင်ရေးခေါင်းဆောင်ပိုင်းဆိုတာလည်း စစ်ခေါင်းဆောင်ပိုင်းတွေပဲကိုး။ သူတို့စစ်အုပ်စု တခုလုံးက တော့ ဒီကနေ့အခြေအနေမှာ မင်းအောင်လှိုင်ကို ဝန်းရံမယ်၊ ဒီစစ်တပ်ကို ဝန်းရံမှာပဲ။ ဘာကြောင့်လဲဆိုတော့ မင်းအောင်လှိုင် ပြုတ်သွားရင် အကုန်လုံးပြုတ်မှာ သူတို့လည်း မြောင်းထဲရောက်မှာ။ အဲ့ဒါကို ဝိုင်းပြီးတော့ ကာကွယ်မှာပဲ။ ဝိုင်းကာကွယ်ဖို့အတွက်ကို ပြင်ဆင်မှာပဲ။ ဝိုင်းကာကွယ်ဖို့အတွက်ကို ပြင်ဆင်ရာမှာတော့ ခုနက နိုင်ငံရေးက နိုင်ငံရေးပါတီတွေဆိုသူတွေက အသုံးခံရတာပေ့ါ။ ကိုယ့်လူလို ဘာလိုလို ကောင်တွေက လည်း ရောယောင်ပြီးတော့ ဒီအထဲပါလာတဲ့ အခါကျတော့ နိုင်ငံရေးပါတီတွေဆိုတဲ့ လူတွေကလည်း မင်းအောင်လှိုင်ကို ထောက်ခံဖို့ဖြစ်သွားတာပေ့ါ။ မင်းအောင်လှိုင်ကို ကျားကန်ဖို့ ဖြစ်သွားတာပေ့ါ။ ခုနကလို ကြံ့ခိုင်ရေးနဲ့ နိုင်ငံရေး အယူအဆအရ၊ ဖြတ်သန်းမှုအရ မတူပေမယ့် ဒီနေ့ဆုံချက်မှာတော့ ကြံ့ခိုင်ရေးကို ပံ့ပိုးတဲ့သူတွေ၊ စကစကို ပံ့ပိုးတဲ့သူတွေအဖြစ်ကို ရောက်ရှိသွားတယ်လို့ ကျနော်တော့ အဲ့လိုပဲ မြင်တယ်။ အဲ့ဒါကို ကိုယ့်လူတွေ စောစာစီးစီးသိပြီး သေသေချာချာဖြတ်နိုင်ဖို့လိုတယ်လို့ ကျနော်တော့ အကြံပြု ချင်ပါတယ်။

**DVB** : ခုနကဟာကို ပြန်ကောက်ရရင် ထိုင်းတို့၊ အိန္ဒိယတို့၊ တရုတ်တို့က စစ်ကောင်စီဘက်မှာ ရှိနေသေး တယ်။ အဲ့အနေအထားမှာ စောစောကပြောတဲ့ ကူမင်းဆွေးနွေးပွဲတွေက တရုတ်ရဲ့ ကမကထလုပ်တာပေ့ါ။ အဲ့အနေအထားမှာ မြန်မာ့နိုင်ငံရေးမှာ တရုတ်ရဲ့ အခန်းကဏ္ဍပေ့ါ ယခုလက်ရှိ နောက်ဆုံးအခြေအနေအထိ ဘယ်လိုများ သုံးသပ်ချင်ပါသလဲခင်ဗျ။

**ဦးအောင်မိုးဇော်** : ကျနော်တို့ ဒေသဆိုင်ရာ နိုင်ငံရေးမှာဖြစ်ဖြစ်၊ ကမ္ဘာ့ဆိုင်ရာ နိုင်ငံရေးမှာဖြစ်ဖြစ်၊ ကျနော်တို့နဲ့ကျတော့ မိုင်ပေါင်းထောင်ချီဆက်စပ်နေတဲ့၊ မိုင်ပေါင်းများစွာဆက်စပ်နေတဲ့ တရုတ်လို နိုင်ငံမျိုး ဟာ ကျနော်တို့အတွက် သိပ်ပြီးတော့ အရေးကြီးတယ်လို့ ကျနော်ထင်ပါတယ်။ ဖိအားတကယ်ပေးတာ ကျနော်တို့ ခံနိုင်ဖို့ တကယ်ခက်တယ်။ တရုတ်ရဲ့သဘောထားပြောင်းအောင်လို့ တရုတ်လည်း ကမ္ဘာ့နိုင်ငံရေး မှာ သူက တစုံတရာ နေရာရချင်တယ်။ ရှေ့တန်းမှာနေရာရနေတဲ့အခါကျတော့ အဲ့အခြေအနေတော့ ချိန်မှာပါ။ ဖွတ်တရွတ်တော့ ကျနော်တို့ကို မတွန်းနိုင်ဘူး တကမ္ဘာလုံးကို နိုင်ငံရေးအရ သူ့ရဲ့ခေါင်းဆောင်မှုကို ကြိုးစားနေတဲ့အခါကျတော့ ကျနော်တို့ကို အတင်းကာရောကြီးပေ့ါ၊ အရှက်မဲ့ မလုပ်လောက်ဘူးတော့ ယူဆတယ်။ သို့သော်လည်းပဲ ပြောလို့မရဘူး။ ဒီကနေ့ အာဆီယံ ဥက္ကဋ္ဌက လာအိုဖြစ်လာမယ် ဆိုလို့ရှိရင်

အဲ့ကိစ္စ ကျနော်တို့ တော်တော် သတိထားရမယ် ထင်တယ်။ အဲ့အကွက်ကို သုံးပြီးတော့ မင်းအောင်လှိုင်က သူ့နိုင်ငံရေးထွက်ပေါက်ကို ကြိုးစားနိုင်တယ်။ အာဆီယံအသင်းအဖွဲ့ရဲ့ နောက်မှာလည်းပဲ ဒီကနေ့ လာအိုသာ ဥက္ကဋ္ဌဖြစ်လာရင် သူ့နောက်မှာ တရုတ်ရှိမှာ အသေအချာပဲ။ ဒီအခြေအနေတွေကို ကျနော်တို့ အသေအချာ ကြည့်ပြီးတော့ အဲ့ထွက်ပေါက်ကနေပြီးတော့ မင်းအောင်လှိုင် ထွက်လို့မရအောင် ခု ကတည်းက ကြိုးစားပြင်ဆင်ဖို့ သေသေချာချာစကားပြောဖို့ လာအိုနဲ့တွေ့ဖို့၊ တချိန်တည်းမှာပဲ ကမ္ဘာ့နိုင်ငံ၊ ဒေသတွင်းနိုင်ငံအသီးသီးကို ကျနော်တို့ရဲ့မက်ဆေ့ကို သေသေချာချာ ပို့နိုင်ဖို့ အရမ်းအရေးကြီးပါတယ်လို့ ကျနော်တော့ အဲ့လိုထင်ပါတယ်။

**DVB :** နောက်ဆုံးနိဂုံးချုပ်ပေါ့နော်၊ ၁၀၂၇ စစ်ဆင်ရေး လက်ရှိ ယာယီ အပစ်အခတ်ရပ်စဲထားတာ၊ ၁၀၂၇ စစ်ဆင်ရေးက မြန်မာတပြည်လုံး ပျံ့နှံ့သွားတာ ဒီလိုအခြေအနေနဲ့ပတ်သက်ပြီးတော့ နောက်ဆုံး အနေနဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ဥက္ကဋ္ဌအနေနဲ့ ဘာများပြောချင်တာ ရှိပါသေးသလဲခင်ဗျ။

**ဦးအောင်မိုးဇော် :** ကျနော်ကတော့ ၁၀၂၇ စစ်ဆင်ရေးကို ကျနော့်တဦးတည်း အနေနဲ့ဖြစ်ဖြစ်၊ ကျနော်တို့ အဖွဲ့အစည်းအနေနဲ့ဖြစ်ဖြစ် အထူးပဲကျေးဇူးတင်တယ်။ တပြိုင်နက်တည်းမှာပဲ ဒီရဲဘော်တွေ၊ ဒီအဖွဲ့ အစည်းတွေကို ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ ဒါကတခု၊ ဒုတိယတခုက ဒီ ၁၀၂၇ စစ်ဆင်ရေးနဲ့ ဆက်စပ်ပြီးတော့ ဒီကနေ့ ရှေ့တန်းမှာ တက်တက်ကြွကြွ ဗမာပြည်ထဲမှာ ဆောင်ရွက်နေကြတဲ့ ကရင်နီ လူငယ်တွေ၊ ကရင်နီတော်လှန်ရေးတွေ အဲ့လိုပဲ ကရင့်တော်လှန်ရေး၊ ဒေသအသီးသီးက လက်နက်စွဲကိုင် ခုခံနေကြတဲ့ တော်လှန်ရေးအင်အားစုအသီးသီးကို ကျနော့်အနေနဲ့ တကယ်အလေးပြုချင်ပါတယ်။ တကယ့် ကို ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ ကျနော်တို့လည်း ဒီအင်အားစုတွေနဲ့ တတ်နိုင်သမျှ လက်တွဲ ပြီးတော့ ဒီတော်လှန်ရေးကို ဒီထက်ပိုရှေ့ရောက်အောင် ကြိုးစားပါမယ့်လို့ ကတိပေးချင်ပါတယ်။






# ဗမာပြည် လူမျိုးစု ပြဿနာများစာတမ်း
## အပိုင်း (၂)

ရဲဘော်မန်းရှာလားဖန်း

*ယခင်အပတ်မှ အဆက်*

**(၄) ဗမာပြည်တော်လှန်ရေး၏ ထူးခြားသော လက်နက်ကိုင်တပ်ပေါင်းစု ပြဿနာ**

သမိုင်းတွင် အဆက်မပြတ် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးများတွင် မိတ်ဆွေ(ဝါ) မဟာမိတ်မရှိဘဲ အောင်ပွဲမဆင်နိုင်ခဲ့ဟူသော ကောက်ချက်သည် မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အရေးကြီး အချက်တချက်ဖြစ်ကြောင်း ကျနော်တို့ လက်ခံထားကြပေသည်။ တစုံတရာသော နိုင်ငံတကာ အခြေအနေနှင့် တစုံတရာသော ပြည်တွင်းအခြေအနေက ပြဌာန်းလိုက်သောတပ်ပေါင်းစု (ဝါ) ကျင့်သုံးသော ပြည်သူ့တရုတ်ပြည်ကို မွေးထုတ်ခဲ့ပေသည်။ ပစ္စည်းမဲ့အာဏာရှင်စနစ် ကျင့်သုံးသော ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွက် ရှေ့ထားလိုအပ်ချက်ကို ဖန်တီးခဲ့၏။ ကျနော်တို့၏ တော်လှန်ရေးတွင် ပစ္စည်းမဲ့ လူတန်းစား အမှူးပြုသော တပ်ပေါင်းစုနှင့်သာ အောင်ပွဲခံမည်ဟူသောအချက်ကို နိုင်ငံတကာ တော်လှန်ရေး အတွေ့အကြုံများနှင့် ကျနော်တို့၏ ကိုယ်ပိုင်အတွေ့အကြုံများက ကျနော်တို့အား ပြသခဲ့ပြီးဖြစ်ပေသည်။

သို့သော် တပ်ပေါင်းစုပြဿနာများနှင့်ပတ်သက်၍ ကျနော်တို့ မျက်မှောက်ပြုနေရသော အခြေအနေသည် ပဒေသရာဇ်နယ်ချဲ့ ရုရှားနှင့် တူပါသလော။ ကျနော်တို့၏အဖြေမှာ မတူဟူ၍ဖြစ်၏။ အကြောင်းမှာ ကျနော်တို့တိုင်းပြည်၏ လူ့အဖွဲ့အစည်းလက္ခဏာမှာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း ဖြစ်သောကြောင့်ဖြစ်၏။ ဤသို့ဆိုလျှင် တပ်ပေါင်းစုပြဿနာတွင် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း

တရုတ်ပြည်နှင့် တူပါသလော။ ကျနော်တို့၏အဖြေမှာ ထပ်တူထပ်မျှမဟုတ်သေး ဟူ၍ဖြစ်၏။ တရုတ်ပြည်နှင့် ဗမာပြည်သည် လူ့အဖွဲ့အစည်း လက္ခဏာချင်း တူညီလေသည်။ ယေဘုယျ တပ်ပေါင်းစုလက္ခဏာသည် တူညီပေသည်။ သို့သော် ကျနော်တို့အတွက် တရုတ်ပြည်နှင့် တူညီသော အခြေခံပေါ်တွင် ကိုယ့်ကိုယ်ပိုင် ထူးခြားချက်အချို့လည်း ရှိပေသေးသည်။ ဤထူးခြားချက်ကို ကျနော်တို့ နိုင်ငံ၏ ထူးခြားသော ရုပ်ပိုင်း အခြေခံနှင့် ယင်းရုပ်ပိုင်းအခြေခံ၏ တည်ရှိမှုသဏ္ဌာန်က ပြဋ္ဌာန်းလိုက်လေသည်။

ဤအချက်နှင့်ပတ်သက်၍ ဖော်ပြရာတွင် ဦးစွာအားဖြင့် အလုပ်သမား လယ်သမားအခြေခံ မဟာမိတ်ပြဿနာမှ စတင်ခွဲခြမ်းစိတ်ဖြာရမည် ဖြစ်ပေသည်။ ဗမာပြည် အလုပ်သမားလူတန်းစား၏ အခြေခံ မဟာမိတ်ဖြစ်သော လယ်သမားလူတန်းစားသည် တရုတ်လယ်သမားလူတန်းစားနှင့် ထပ်တူထပ်မျှ မဟုတ်ပေ။ အကြောင်းမှာ ဗမာပြည်လယ်သမားအများစုမှာ လူမျိုးစုများဖြစ်နေသောကြောင့် ဖြစ်သည့် အပြင် ယင်းလယ်သမား တော်တော်များများကို သက်ဆိုင်ရာ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများက စည်းရုံးထားသောကြောင့် ဖြစ်ပေသည်။ ယင်း လူမျိုးစုလယ်သမားများသည် လယ်သမားလူတန်းစား အသိအမြင် နယ်ချဲ့ဆန့်ကျင်ရေးဟူသော ယေဘုယျ အမျိုးသား ရှိနေသောကြောင့်ဖြစ်၏။ သို့မဟုတ် ယင်းအသိမျိုးရှိသော လယ်သမားလူတန်းစား၏ထုထည်မှာ တရုတ်ပြည်ထက် အတိုင်းအတာ ပိုကြီးနေသောကြောင့် ဖြစ်၏။

ဤအချက်ကို ကြည့်လျှင် တရုတ်လယ်သမားနှင့် ဗမာလယ်သမား တရုတ်အလုပ်သမား လယ်သမား အခြေခံ မဟာမိတ်၏ နိုင်ငံရေးမျှော်မှန်းချက်နှင့် ဗမာပြည် အလုပ်သမား လယ်သမား အခြေခံ မဟာမိတ်၏ နိုင်ငံရေး မျှော်မှန်းချက်တို့သည် ယေဘုယျ တူညီသည်မှာ ထပ်တူထပ်မျှ မဟုတ်နိုင်ကြောင်းကို လွယ်ကူစွာ နားလည်နိုင်ပေသည်။

ဒုတိယအားဖြင့် လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစု ပြဿနာဖြစ်၏။ တရုတ်ပြည်တော်လှန်ရေး တွင် တရုတ် အလုပ်သမားလူတန်းစားက မဟာမိတ် လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းရန် ရှာဖွေရာတွင် လူမျိုးစုလက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် မကြုံတွေ့ရပေ။ (ဝါ) အတိုင်းအတာ မကြီးမားခဲ့ပေ။

ထို့ကြောင့် ဗမာပြည်တော်လှန်ရေး၏ လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစု၏ အခြေခံ နိုင်ငံရေး ရည်မှန်းချက်မှာလည်း တရုတ်ပြည်နှင့် တူညီသောအခြေခံ ရှိသည်မှအပ လုံးဝထပ်တူထပ်မျှ မဖြစ်နိုင် ကြောင်းကို လွယ်ကူစွာပင် နားလည်နိုင်ပေသည်။

တတိယအားဖြင့် လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းရာတွင် ထပ်တူမဖြစ်သည့် အချက်ဖြစ်၏။ ဗမာပြည်တော်လှန်ရေး လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုကို စည်းရုံးရာတွင် မဟာ မိတ်ပြု စည်းရုံးရမည့်အင်အားစုများသည် အမှီအခိုကင်းစွာ လက်နက်ကိုင်တိုက်ပွဲဆင်နေသော လူမျိုးစု တော်လှန်ရေးများ ဖြစ်သည့်အပြင် အလုပ်သမားလူတန်းစားပါတီအနေနှင့် ယင်းအဖွဲ့အစည်းအချို့နှင့် ယခင်က လက်နက်ကိုင်ပဋိပက္ခ အတော်ကြီးကြီးမားမား ဖြစ်ခဲ့ဖူးသောအချက်ကို တွေ့ရပေသည်။ ဤ အချက်မှနေ၍ လက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုကို စည်းရုံးရာတွင်၎င်း၊ အခက်အခဲ ပိုများ၍ ပိုမို နှေးကွေးမည်မှာ သေချာပေသည်။ သမိုင်းကလည်း ဤအချက်ကို ပြသခဲ့၏။ ထို့ကြောင့် လက်နက်ကိုင် တော်လှန်ရေးတပ်ပေါင်းစု ဖွဲ့စည်းရာတွင်၎င်း၊ ယင်းတပ်ပေါင်းစုအပေါ် အလုပ်သမားလူတန်းစား ဦးဆောင်မှု

ထူထောင်ရာတွင်၎င်း၊ ဗမာပြည်တော်လှန်ရေးနှင့် တရုတ်ပြည်တော်လှန်ရေးအတွင်း ကျင့်သုံးသည့် နည်းပရိယာယ်မှာလည်း ယေဘုယျတူညီချက်မှအပ လုံးဝထပ်တူထပ်မျှမဖြစ်နိုင်ကြောင်းကို လွယ်ကူစွာ နားလည်နိုင်ပေသည်။ ဗမာပြည်တော်လှန်ရေးအဖို့ ထူးခြားချက်အချို့ကို မျက်မှောက်ပြုနေရကြောင်း သမိုင်းကလည်း ပြသခဲ့ပြီး ဖြစ်သည်။

တပ်ပေါင်းစုပြဿနာဆိုင်ရာ အချက်(၃)ချက်ကို ချုပ်လိုက်လျှင်

**(၁)** တပ်ပေါင်းစုပြဿနာတွင် ဗမာပစ္စည်းမဲ့လူတန်းစားသည် မာ့စ် လီနင်တို့၏ တပ်ပေါင်းစုဆိုင်ရာ အရင်းခံအကျဆုံးမူကို ဆုပ်ကိုင်၍ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း တရုတ်ပြည်၏ တပ်ပေါင်းစုမူကို နီးကပ်စွာအခြေခံကာ ယင်းအခြေခံနှင့် ကိုယ့်လက်တွေ့ တပ်ပေါင်းစုဖွဲ့စည်းမှုဆိုင်ရာ ထူးခြားချက်နှင့် သိပ်သည်းစွာ ပေါင်းစပ်ရပေမည်။ ဤအချက်မှနေ၍ တပ်ပေါင်းစုဆိုင်ရာ မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ သဘောတရားရေးသဏ္ဍာန် တပ်ကို လက်နက်သစ်များ ဖြည့်ဆည်းပေးရမည်(ဝါ) ရှင်သန်စေရမည်။

ဤသည်မှာ ပစ္စည်းမဲ့ လူတန်းစား တရပ်လုံး၏ မွန်မြတ် ဂုဏ်ယူဖွယ်ရာဖြစ်သော မဟာတာဝန်ပင် ဖြစ်ပေသည်။

**(၂)** ဗမာပြည် လယ်သမား အလုပ်သမားအခြေခံ မဟာမိတ်ပင်ဖြစ်စေ၊ လက်နက်ကိုင်တော်လှန်ရေး တပ်ပေါင်းစုပင်ဖြစ်စေ၊ အမျိုးသားရေးသဏ္ဍာန်အချို့ မုချပါဝင်မည် သို့မဟုတ် တရုတ်ပြည်မှာထက် အမျိုးသားရေးသဏ္ဍာန် ပေါ်လွင်မည်မှာ သံသယဖြစ်စရာမရှိပေ။ ဤအချက်နှင့်ပတ်သက်၍ မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အခြေခံရပ်တည်မှုအဖြစ် နည်းနာများကလည်း ခွင့်ပြုပေသည်။

**(၃)** တပ်ပေါင်းစုဖွဲ့စည်းရာတွင် တရုတ်ပြည်ထက် ပိုမိုရှုပ်ထွေးခက်ခဲ၍ ပိုမိုရှည်သည့်အပြင် ယင်းတပ်ပေါင်းစုကို အလုပ်သမားလူတန်းစား ဦးဆောင်မှုဟူသော ရှေ့ဆောင်အမတေကို အခိုင်အမာ သွတ်သွင်းရာတွင်လည်း မုချပင် ပိုမိုရှည်ကြာမည် ဖြစ်သည်။ နှစ် (၅၀) ကျော်ကြာ တိုက်ပွဲသမိုင်းကလည်း ဤအချက်ကို ညွှန်ပြခဲ့ပြီး ဖြစ်သည်။

အထက်ပါ အချက်အလက်အားလုံးကို ကြည့်လျှင် လူမျိုးစုပြဿနာသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်များ ဖြစ်ကြောင်းကို ခြုံ၍ အောက်ပါအတိုင်း နိဂုံးချုပ်ချက်အချို့ကို ရရှိပေသည်။

(၁) ဗမာပြည် လူမျိုးစုများလှုပ်ရှားမှုအား ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ ထူးခြားချက်ကို ပြဋ္ဌာန်းလိုက်သည့် ရုပ်ပိုင်းအခြေခံ ဗမာပြည် လူမျိုးစုများလှုပ်ရှားမှု၏ အရေးပါမှု၊ လူမျိုးစုများလှုပ်ရှားမှုက ဗမာပြည်တော်လှန်ရေးအတွင်း အဓိကပြဿနာအဆင့်အတန်းသို့ တက်လှမ်းလာပုံ၊ ဗမာပြည် တော်လှန်ရေး၏ ထူးခြားသော တပ်ပေါင်းစုပြဿနာဟူသော အချက် ၄ ချက်၏ တည်ရှိနေမှုကို ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်၏ထူးခြားချက်အဖြစ် ကျနော်တို့ မုချအသိအမှတ်ပြုရမည်။

(၂) ဗမာပြည် ထူးခြားသောလူမျိုးစုပြဿနာကို ကြည့်ရာတွင် ယင်းပြဿနာထူးကို ပြဋ္ဌာန်းလိုက်သည့် ရုပ်ပိုင်းအခြေခံကို အခြေစိုက်၍ဆန်းစစ်ရမည်။ ယင်းရုပ်ပိုင်း အခြေခံမှနေ၍ ဖြစ်ပေါ်လာသော ယင်းလှုပ်ရှားမှု၏ အတိုင်းအတာနှင့် အရေးပါမှုကို လေ့လာရမည်။ ထို့နောက် ဗမာပြည်တော်လှန်ရေး၏ တပ်ပေါင်းစုပြဿနာကို ယင်းပြဿနာထူး၏ ရုပ်ပိုင်းအခြေခံမှ ဖြစ်ပေါ်လာသော ယင်းလှုပ်ရှားမှု၏

အတိုင်းအတာနှင့် အရေးပါမှု၏ အတိအကျဖော်ပြချက်အဖြစ် သဘောထားရှုမြင်ရမည်ဖြစ်သည်။

(၃) တတိယအားဖြင့် ဗမာပြည်တော်လှန်ရေး၏ ထူးခြားချက်သည် ဗမာပြည်တော်လှန်ရေး၏ သာလွန်ချက်ဖြစ်သည်။ ဗမာပြည်တော်လှန်ရေး၏ ပြဿနာသစ်ဖြစ်မည့် ဗမာပြည်တော်လှန်ရေးအတွင်း ပစ္စည်းမဲ့လူတန်းစား၏ ကိုယ်ပိုင်ရတနာဖြစ်သည်။ ထို့ကြောင့် ဤပြဿနာအပေါ် ချစ်မြတ်နိုးရမည်။ တန်ဖိုးထားရမည်။ အလေးထား ဂရုစိုက်ရမည်။ ဤပြဿနာအပေါ် မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ ရပ်တည်မှုအမြင်တို့ဖြင့် သေချာစွာ ဆန်းစစ်လေ့လာပြီး မာ့စ်ဝါဒနည်းအတိုင်း ကိုင်တွယ်ရမည်ဟူသော အချက်ကို ကျနော်တို့ ရရှိပေသည်။

(၄) စတုတ္ထအနေဖြင့် ဗမာပြည်၏ ထူးခြားချက်ကို နားမလည်သူ သို့မဟုတ် နားလည်လိုစိတ် မရှိသူသည် စင်စစ် ဗမာပြည်၏တော်လှန်ရေးကို အနည်းငယ်မျှပင် နားမလည်နိုင်ချေ။ မာ့စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်၏ အင်အားနှင့် အဆီအနှစ်ကိုလည်း နားမလည်နိုင်ချေ။ သို့မဟုတ် မကျင့်သုံးနိုင်ချေ။ အကြောင်းမှာ လီနင်သင်ကြားသည့် မာ့စ်ဝါဒ၏ အနှစ်သာရအကျဆုံးအရာ မာ့စ်ဝါဒ၏ အသက်ပါသည့် ဝိညာဉ်မှာ တိကျသည့်အခြေအနေကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာခြင်း ဟူသည့် အချက်တွင် တည်သည် ဟူသောမှုနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်၏။

ရဲဘော်မော်စီတုန်း ညွှန်ပြသည့် မည်သည့် ပြဿနာတွင်မဆို ကြည့်ရာတွင် ယင်းပြဿနာ၏ ယေဘုယျလက္ခဏာနှင့် သီးခြားလက္ခဏာကို မတွေ့တွေ့အောင်ရှာရမည် ဟူသောအချက်နှင့်၎င်း အများဆိုင်ရာလက္ခဏာနှင့် တခုချင်းလက္ခဏာ အကြွင်းမဲ့လက္ခဏာနှင့် နှိုင်းယှဉ်မှုလက္ခဏာဟူသည့် တရားသည့် အရာကိစ္စများ၏ ပဋိပက္ခပြဿနာနှင့် ပတ်သက်သည့် အဆီအနှစ်များဖြစ်ရာ ၎င်းကို နားမလည်လျှင် အနုပဋိလောမကို စွန့်ပယ်သည်နှင့် တူပေသည် ဟူသောအချက်ကို ဆန့်ကျင်ရာကျသောကြောင့် ဖြစ်သည်။

တွေးခေါ်ခံစားမှုနှင့် လုပ်ဟန်အရ အရိုးသားဆုံး အသန့်ရှင်းဆုံးသော မာ့စ်ဝါဒီများတွင် အကြီးမားဆုံးသော ထူးခြားချက်တရပ်ရှိပေသည်။ ၎င်းမှာ တလောကလုံးရှိ အရာအားလုံးထက် ပြဿနာသစ်တိုက်ပွဲသစ်ကို အချစ်မြတ်နိုးဆုံး ဖြစ်ခြင်းပင်ဖြစ်သည်။ ဤသို့ ဖြစ်ရသည့်အကြောင်းမှာ မာ့စ် လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ်၏ အသက်ဝိညာဉ်သည်၎င်း၊ လူသားတို့၏ တည်ရှိမှုဆိုင်ရာ အသက်ဝိညာဉ်သည်၎င်း၊ ယင်းပြဿနာသစ် တိုက်ပွဲသစ်ထဲတွင် ကိန်းအောင်းနေသောကြောင့် ဖြစ်၏။ လူသားတရပ်လုံး၏ တည်ရှိမှုနှင့် ဖြစ်ပေါ်တိုးတက်မှုသည် ယင်း၏ အထွေထွေတိုက်ပွဲက အဆုံးအဖြတ်ပေးနေခြင်းကြောင့် ဖြစ်၏။

အထက်ပါ အကြောင်းအချက် အားလုံးနှင့် ကောက်ချက်များသည် လူမျိုးစုပြဿနာကို တင်ပြရသည့် အကြောင်းအရင်းပင် ဖြစ်ပေသည်။

ရဲဘော်မန်းရှာလားဖန်း

(၂၇၊ ၇၊ ၁၉၇၂)



# ၂၀၂၄ ကို ဘယ်လိုနှစ်မျိုး ဖြစ်စေမလဲ

**လွန်းနွေငြိမ်း**

၂၀၂၃ ခုနှစ်ကတော့ လှုလှုပပကြီး ကုန်ဆုံးသွားပါပြီ။

၂၀၂၃၊ အောက်တိုဘာလ၊ ၂၇ ရက်နေ့မှာ မြောက်ပိုင်းညီနောင် ၃ ဖွဲ့က မအလနဲ့စစ်ကောင်စီတပ်ကို အတိအလင်း စစ်ကြေညာပြီး ၁၀၂၇ စစ်ဆင်ရေးနဲ့ တဟုန်ထိုး တိုက်ခိုက်ခဲ့တယ်။ စစ်ကောင်စီရဲ့ အထိုင်စခန်းတွေ တခုပြီးတခု သိမ်းပိုက် ထိန်းချုပ်ခဲ့တယ်။ မြောက်ပိုင်းညီနောင် ၃ ဖွဲ့နဲ့အတူ ဒေသဆိုင်ရာ PDF တွေ၊ BPLA နဲ့ PLA တပ်တွေကပါ လက်တွဲ တိုက်ခဲ့ကြတယ်။ စစ်ရေးအရ အရေးပါတဲ့မြို့တွေ တခုပြီးတခု သိမ်းပိုက်ထိန်းချုပ်ခဲ့တယ်။

ရှမ်းမြောက်တိုက်ပွဲတွေနဲ့အတူ နယ်မြေဒေသအသီးသီးမှာ လှုပ်ရှားနေကြတဲ့ တော်လှန်ရေးတပ်ဖွဲ့တွေကလည်း ဟန်ချက်ညီ တိုက်ခိုက်ခဲ့ကြတယ်။ ကရင်နီဒေသမှာ ၁၁၁၁ စစ်ဆင်ရေးအဖြစ် ထိုးစစ်တွေ ဆင်ခဲ့တယ်။ ရခိုင့်တပ်တော် (AA) ကလည်း ရခိုင်ပြည်နယ်ထဲမှာ စနစ်တကျ ပြင်ဆင် တိုက်ခိုက်လာတယ်။ KNU ကလည်း စစ်တောင်းမြစ်အနောက်ခြမ်း ရန်ကုန်မန္တလေးကားလမ်းအစပ်ထိ တိုက်ခိုက်လာတယ်။ ချင်းပြည်နယ်မှာလည်း အထိုင်စခန်းတွေ တခုပြီးတခု သိမ်းလာတယ်။ KIA နဲ့ ဒေသဆိုင်ရာ ပူးပေါင်းတပ်တွေကလည်း စစ်ကိုင်းတိုင်းထဲထိ ထိုးစစ်တွေ ဆင်လာတယ်။ အဲဒီ ထိုးစစ်ကြီးတွေနဲ့ ဟန်ချက်ညီ စစ်ကိုင်း၊ မကွေး၊ မန္တလေးစတဲ့ အညာဒေသတွေ၊ တနင်္သာရီဒေသနဲ့ မွန်ပြည်နယ်တွေကလည်း စစ်ရေးလှုပ်ရှားမှုတွေကို ပိုပြီး အရှိန်မြှင့်လာကြတယ်။

ကနေ့ထိဆိုရင် တော်လှန်ရေးတပ်ဖွဲ့တွေဟာ စခန်းကြီး၊ စခန်းငယ်ပေါင်း ၄၀၀ ကျော်ကို သိမ်းပိုက်ထိန်းချုပ်နိုင်ပြီး စစ်ရေးအရ အရေးပါတဲ့ မြို့ပေါင်း ၂၄ မြို့ကို ထိမ်းချုပ်ထားပြီ ဖြစ်ပါတယ်။

ဒါဟာ ၂၀၂၃ ရဲ့ ဂုဏ်ရောင်ပြောင်တဲ့ တိုက်ပွဲရလဒ်တွေဖြစ်တယ်။ ညီညီညွတ်ညွတ်၊ ပိုင်းပိုင်းဖြတ်ဖြတ်၊ စနစ်တကျနဲ့ အစီအစဉ်ရှိရှိ တိုက်ပွဲဆင်ခဲ့နိုင်ခြင်းရဲ့ ထိုက်တန်တဲ့ ရလဒ်တွေလည်း ဖြစ်ပါတယ်။ စစ်ကောင်စီတပ် သွေးပျက်နေသလို စစ်ကောင်စီထိပ်သီး မအလကိုယ်တိုင်လည်း သေရမလို ရှူးရမလိုဖြစ်နေပြီ ဖြစ်ပါတယ်။ တပ်ခွဲလိုက်၊ တပ်ရင်းလိုက် လက်နက်ချမှုတွေ ဖြစ်လာတယ်။ တပ်ရင်းလိုက် စခန်းစွန့်ခွါပြီး အိန္ဒိယဘက် ကိုယ်လွတ် ထွက်ပြေးကြတာတွေရှိလာတယ်။ ၂၀၂၄၊ ဇန်နဝါရီ၊ ၄ ရက်နေ့ကဆို လောက်ကိုင်မှာရှိတဲ့ စစ်ကောင်စီရဲ့ ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(ဒကစ) က ဗိုလ်မှူးချုပ်အဆင့် ၆ ဦး၊ အရာရှိ ၂၂၈ ဦး၊ တပ်သားနဲ့ အခြားအဆင့် ၂၀၀၀ နီးပါး၊ တပ်မိသားစုများအပါ ၄၂၀၀ ကျော် MNDAA ဆီ လက်နက်ချခဲ့ကြရတယ်။

၁၉၄၈၊ ၁၉၄၉ ကာလက သခင်နုအစိုးရ ကြုံခဲ့ရတာထက် ပိုဆိုးတယ်။ သခင်နုအစိုးရကမှ ထောက်ခံတဲ့လူထု တစုံတရာရှိသေးတယ်။ အခု မအလကတော့ ထောက်ခံသူ တယောက်မှ ရှာမရတော့အောင် အထီးကျန်နေပြီဖြစ်ပါတယ်။ စစ်တပ်ရေးပေးတဲ့ပိုစတာကိုင်ပြီး ဟန်ဆောင်ဆန္ဒပြပေးဖို့ ၅၀၀၀ စား ဒန်ပေါက်စားသမားတွေ ခေါ်ရတာတောင် အတော်ကြီး ခက်ခဲနေပြီ ဖြစ်ပါတယ်။

တိုက်ပွဲတွေ ထိုးစစ်တွေက တုန့်ဆိုင်းသွားတာမရှိဘဲ ၂၀၂၄ ထဲအထိ အရှိန်အဟုန်နဲ့ ဆက်ဖြစ်နေတယ်။

ဇန္နဝါရီ ၁၀၊ ၁၁ ထဲဆို စစ်ကောင်စီရဲ့ စစ်တပ်တွေ ပတ်လည်ဝိုင်းထားတဲ့ ပြင်ဦးလွင်မြို့နားထိ TNLA နဲ့ မန္တလေး PDF ပူးပေါင်းတပ်တွေက ထိုးစစ်ဆင်လာပြီဖြစ်ပါတယ်။ မြို့နဲ့ ၁၅ မိုင်သာကွာတဲ့ သံဘိုစခန်းနဲ့ ကျောက်မဲလေးစခန်းတွေကို ဝင်တိုက်နေကြပြီ ဖြစ်ပါတယ်။

တော်လှန်ရေးတပ်ဖွဲ့တွေမှာသာမက လူမျိုးစုံပြည်သူလူထုရဲ့ နှလုံးသားတွေထဲမှာ အောင်စိတ်အပြည့်ရှိနေကြပါပြီ။ ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်ဆိုတာ ကြွေးကြော်သံသက်သက်၊ ရည်မှန်းချက်သက်သက်မဟုတ်တော့ဘဲ အမြစ်ဖြတ်တိုက်ပွဲတွေနဲ့ အောင်ပွဲတွေကို လက်တွေ့ မြင်နေ၊ ကြားနေကြရပြီး နှစ်ထောင်းအားရ ရှိနေကြရပြီ ဖြစ်ပါတယ်။ ညီညီညွတ်ညွတ်နဲ့ အခုအရှိန်အတိုင်း ဆက်ပြီး တိုက်သွားမယ်ဆိုရင် မအလ အနေနဲ့ အမြန်ဒူးထောက်ရမှာ သေချာပါတယ်။

ဒီအနေအထားမှာ မအလ ဘာလုပ်မလဲ။ ဘာနဲ့ ကာမလဲ။ ဘယ်လို ကျော်မလဲ။

လေကြောင်းကနေ ဗုံးကြဲပြီး လူထုတွေကို ပိုပြီးသတ်ပြလိမ့်မယ်။

သူကိုယ်တိုင်သတ်ပြီး တော်လှန်ရေးတပ်ဖွဲ့တွေကပဲ ကျူးလွန်သယောင် သတင်းတုတွေ ဖန်တီးလိမ့်မယ်။

ဘာသာရေးအဓိကရုဏ်းလိုဟာမျိုးတွေ ရတဲ့အပေါက်ကနေ ဖန်တီးလိမ့်မယ်။ (ဇန္နဝါရီ ၁၀ ရက်နေ့ကပဲ ရန်ကုန် သမ္ဗုဒ္ဓရုပ်ရှင်ရုံရှေ့မှာ ၅၀၀၀ စား သုံးလေးဆယ်နဲ့ ဘုရားစေတီတွေကို လောက်ကိုင်မှာ အကြမ်းဖက်သမားတွေက ဖျက်ဆီးနေပါပြီ ဘာညာဆိုပြီး တပွဲ စလုပ်နေပါပြီ။)

သန်းခေါင်စာရင်းကောက်မယ်၊ ရွေးကောက်ပွဲ ဖြစ်အောင်လုပ်မယ်၊ အနိုင်ရပါတီကို အာဏာလွှဲပေးမယ် ဆိုတာတွေ ဘယ်သူယုံယုံ မယုံယုံ အမြှုပ်ထွက်အောင် ပြောမယ်။

မြို့တွေထဲ အကြမ်းဖက်သမားတွေ ဝင်တာကို တားဖို့ ဖော်ထုတ်ဖို့ဆိုတဲ့အထာနဲ့ လုံခြုံရေးတွေ ပိုချမယ်၊ ပိုကြပ်မယ်၊ ပိုဖမ်းပြမယ်။

နိုင်ငံရေးနည်းနဲ့ ဖြေရှင်းချင်သူကြီး၊ ငြိမ်းချမ်းရေး မြတ်နိုးတန်ဖိုးထားသူကြီး၊ လူထုတွေ နာမှာကျင်မှာ အလွန်မှ စိုးရိမ်တတ်သူကြီး အိုက်တင်တွေ အပ်ကြောင်းထပ်အောင် လုပ်ပြမယ်။

တနေ့တခြား မီးစာကုန်ဆီခမ်းဖြစ်လာနေတဲ့ ဘဏ္ဍာရေးအကြပ်အတည်းကို လူထုခေါင်းပေါ် ပုံချပြီး မဲမဲမြင်ရာ အခွန်တိုးကောက်တာတွေ၊ ပြည်သူ့နဖူး သိုက်တူးတဲ့အလုပ်တွေ ပိုလုပ်လိမ့်မယ်။ တရုတ်ကယ်ပါ၊ ဂျပန်ကယ်ပါ၊ အာဆီယံကယ်ပါ၊ အမေရိကန်ကယ်ပါ လုပ်လိမ့်မယ်။

အဲဒါတွေ သူ ဘာကြောင့် လုပ်မှာလဲ။ ဘယ်သူ့အတွက် လုပ်မှာလဲ။

ပိုပြီး ရှင်းရှင်းလင်းလင်း မေးရရင် အဲဒါတွေကို တိုင်းပြည်နဲ့ လူထုအတွက် လုပ်မှာလား။ မအလနဲ့ စစ်ကောင်စီအတွက် လုပ်မှာလား။ (ပြောရရင် စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရားဆိုတဲ့ စစ် ၃ စစ်အတွက် လုပ်မှာလား။)

ခုဆို ဒီမေးခွန်းတွေကို မူလတန်းကျောင်းသားလေးတွေတောင် အလွယ်နဲ့ဖြေနိုင်ပါတယ်။ တပ်မတော်သာအမိ တပ်မတော်သာအဖဆိုတဲ့ သတ္တဝါတွေအဖို့တော့ ဘာပဲလုပ်လုပ် ငါ့ဖို့က အဓိကပဲဆိုတာ ကျောကော့အောင် ခံခဲ့ရတဲ့၊ ကနေ့အထိလည်း ခံနေရတဲ့ လူထုကြီးက နောကျေနေပါပြီ။ ဒီအချက်ကိုပဲ ကြည့်ကြည့်လိုက်ကြရအောင်ပါ။

တရုပ်ပြည်ရဲ့ ကမကထပြုမှုနဲ့ ဒီဇင်ဘာ ၁၁ ရက်နေ့ကနေ ၁၃ ရက်နေ့အထိ တရုတ်ပြည် ကူမင်းမြို့မှာ မြောက်ပိုင်းညီနောင် ၃ ဖွဲ့နဲ့ စစ်ကောင်စီ ပထမဆုံးအကြိမ် တွေ့တယ်။ စစ်ကောင်စီက အခြေအနေမှန်ကို မကြည့်ဘဲ အပေါ်စီးကနေ ထင်ရာမြင်ရာတွေ စွတ်ပြောတယ်။ ဆွေးနွေးပွဲက ဘာမှ ဖြစ်မလာဘူး။

ဒီဇင်ဘာ ၂၂ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ တရုတ်ပြည်မှာပဲ ဒုတိယအကြိမ်တွေ့ဖို့ တရုတ်ပြည်က စီစဉ်ပေးပါတယ်။ ဒီအကြိမ်မှာလည်း စစ်ကောင်စီက ရင့်ရင့်သီးသီးတွေ မာနသံတွေနဲ့ ပါဝါတွေ စွတ်ပြနေတာနဲ့ ပွဲပျက်သွားပြန်တယ်။

အခု ၂၀၂၄ ဇန္နဝါရီ ၇ ရက်နေ့ကနေ ၉ ရက်နေ့အထိ တတိယအကြိမ် ကူမင်းမှာ တွေ့ပေးပြန်တယ်။ အကျိုးဆောင်လုပ်တဲ့ တရုတ်တာဝန်ရှိသူတွေရဲ့ ဖွဲ့လည်း ချီးကျူးပါတယ်။ ဒီအကြိမ်မှာလည်း MNDAA ကို အထူးဒေသ သတ်မှတ်ပေးမယ်၊ လက်နက်ချရမယ် ဆိုတာတွေ လုပ်တော့ ပွဲပျက်သွားရတယ်။

ငြိမ်းချမ်းရေးစကား ပြောတာပဲဖြစ်ဖြစ် စစ်ရေးစကား ပြောတာပဲဖြစ်ဖြစ် အဓိကက စေတနာမှန်ဖို့ လိုတယ်။ ဘယ်သူ့အတွက်ပြောတာလဲ။ ဘယ်အကျိုးစီးပွားအတွက် ပြောတာလဲဆိုတာ အင်မတန် အရေးကြီးတယ်။ လူမျိုးစုံပြည်သူလူထုကြီးနဲ့ တိုင်းပြည်ရဲ့ အကျိုးစီးပွားကို တည့်တည့်မတ်မတ် ကြည့်ပြီး ရိုးရိုးဖြောင့်ဖြောင့် မပြောဘူးဆိုရင် ဘယ်သူပြောပြော ဖွဲနဲ့ဆန်ကွဲပဲ။ အတုပဲ။

သေချာတာက စစ်ကောင်စီက ဒါတွေလုပ်လာနိုင်တယ်။ လုပ်တာတွေရဲ့ ရည်ရွယ်ချက်က စစ်အာဏာရှင်စနစ် အသက်ဆက်ရေး၊ မအလအကျိုးစီးပွားကာကွယ်ရေး သက်သက်ပဲ ဖြစ်မယ်။

ဒါတွေကို သတိနဲ့ ကျော်ဖြတ်ရင်း ၂၀၂၃ ရဲ့ တိုက်ပွဲအရှိန်ကို ကျနော်တို့ ညီညီညွတ်ညွတ်နဲ့ ဆက်တင်နိုင်မယ်ဆိုရင် ၂၀၂၄ ခုနှစ်ဟာလည်း ဂုဏ်ရောင်ပြောင်တဲ့နှစ်၊ တန်ဖိုးကြီးတဲ့နှစ်၊ အောင်ပွဲတွေကို သယ်ဆောင်လာမယ့်နှစ်၊ နွေဦးရည်မှန်းချက်တွေဆီ အရောက်ချီတက်နိုင်တဲ့နှစ် မုချဖြစ်ပါလိမ့်မယ်။

သဏ္ဍာန်အမျိုးမျိုးနဲ့ စွန့်လွှတ်ပေးဆပ်နေကြသူ ရဲဘော်အပေါင်းကို ဦးညွှတ်ဂုဏ်ပြုလျက် ...

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်

## အထွေထွေအကျပ်အတည်းဖြေရှင်းရေး စစ်သုံးစစ်တိုက်ဖျက်ရေး လှုံ့ဆော်လှုပ်ရှားမှု

၂၀၂၄၊ ဇန္နဝါရီ ၁၉ ရက်နေ့က ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသများ အဖွဲ့ချုပ်)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်လူငယ်၊ General strike Commitie (GSC) ကော်မတီဝင် အဖွဲ့အစည်းများဖြစ်သည့် မင်္ဂလာတောင်ညွှန့်မြို့နယ် သပိတ်ကော်မတီ၊ သာကေတမြို့နယ် သပိတ်ကော်မတီအပြင် Yangon Revolutionary Force(YRF) နှင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ကျောင်းသားများသမဂ္ဂ(ရရတကသ)တို့ ပူးပေါင်း၍ ''အထွေထွေအကျပ်အတည်းဖြေရှင်းရေးမှသည် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးဆီသို့''၊ ''ငြိမ်းချမ်းရေးအတွက် တိုက်ပွဲရှိရမယ်'' စာသားပါ ဘန်နာများ ကိုင်စွဲကာ စစ် ၃ စစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။





# လွတ်လပ်ရေး တကယ်စစ်ရဲ့လား

ကြယ်စင်မြစ်

(၁)

ဒီနှစ် လွတ်လပ်ရေးနေ့ဟာ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့လို့ သမိုင်းအမှတ်အသားတွေအရ ပြောနိုင်တယ်။

ဒါပေမဲ့ အချက်အလက်တွေ၊ အဖြစ်အပျက်တွေ အရကတော့ လွတ်လပ်ရေးနေ့လို့ အမှန်တကယ် ပြောနိုင်ပါရဲ့လား။

ကျမအမြင်ကတော့ ဘယ်လိုမှ မပြောနိုင်ပါဘူး၊

ပြောလို့မရဘူးလို့ ဆိုချင်ပါတယ်။

(၂)

ဘာကြောင့်လဲဆိုတော့ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ်က တပါတည်းတွဲပါလာခဲ့တာ အားလုံး အသိ။ လူမျိုး၊ ဘာသာ ယုံကြည်ချက်တွေကြား ခွဲခြားမှုကစလို့ တန်းတူညီမျှမှုမရနိုင်တဲ့ အခြေအနေ တွေကြောင့် ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ ကနေ့အခြေအနေအထိ။ လွတ်လပ်ရေးရခါစကတည်းက ပြည် ထောင်စု၊ ပြည်ထောင်စုလို့ အာဏာရအစိုးရတွေက တွင်တွင် အော်ခဲ့ကြတယ်။ တကယ့်လက်တွေ့ကတော့ အမည်ခံ ပြည်ထောင်စု၊ ပြည်ထောင်စုအမည်ခံ တပြည်ထောင်စနစ်ပဲဖြစ်ခဲ့တာ ဘယ်လိုမှငြင်းလို့မရ။

တန်းတူမှု၊ လွတ်လပ်မှုတို့သာ အမှန်တကယ် ရှိခဲ့ရင်၊ ရခဲ့ရင် ဘယ်သူတွေကများ လက်နက်စွဲကိုင် တော်လှန်ကြပါ့မလဲ။

ကျမတို့အမြင်ကတော့ သွေးစည်းညီညွတ်ရေးဆိုတာ ကျမတို့ အမျိုးသားတွေကြား၊ ကျမတို့ တိုင်းရင်းသား လူမျိုးစုတွေကြားမှာ တည်ဆောက်ကြရမှာ ဖြစ်တယ်။ ဒါပေမဲ့ အရင့်အရင်က လွဲမှားခဲ့တဲ့ တွေးခေါ်ချက်နဲ့ လုပ်ဆောင်ချက်တွေက အမျိုးသားသွေးစည်းညီညွတ်ရေး ခေါင်းစဉ်အောက်မှာ တပ်နဲ့ ရင်ကြားစေ့ရေး လုပ်ခဲ့တာပါပဲ။ ဒီနိုင်ငံမှာရှိတဲ့ စစ်တပ်ခေါင်းဆောင်တွေမှာ စေ့စပ်ညှိနှိုင်းရေးဆိုတဲ့ သန္ဓေပါမလာခဲ့ဘူးဆိုတာ တာဝန်ရှိသူတွေ လျစ်လျူရှုခဲ့လေသလား၊ မေ့လျော့နေခဲ့သလား။

နိုင်ငံတွင်းမှာ ဒီလိုမျိုး စစ်ပွဲတွေ ဖန်တီးထားနိုင်မှသာ စစ်တပ်ကြီးထွားရေး၊ စစ်အာဏာရှင်စနစ်တည်ဆောက်ရှင်သန်ရေး လုပ်လို့ရမယ်ဆိုတဲ့ အသိက စစ်ခေါင်းဆောင်အစဉ်အဆက်မှာ ရှိခဲ့တယ်။ ကျမတို့နိုင်ငံသမိုင်းကို ပြန်ကြည့်ရင် သိနိုင်လိမ့်မယ်။ ဗိုလ်နေဝင်းက စလို့၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်မင်းအောင်လှိုင် အစရှိတဲ့ စစ်ခေါင်းဆောင်အဆက်ဆက်ဟာ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရားဆိုတဲ့ စစ် ၃ စစ်ကိုပဲ အစဉ်တစိုက် ထူထောင်ခဲ့ကြတာပါ။ ဒါကို ဘယ်လိုမှ ငြင်းလို့မရဘူး။ လူသက်သေ၊ ပစ္စည်းသက်သေ၊ သမိုင်းသက်သေတွေနဲ့ ရှိနေတာပါ။

(၃)

ခုတော့ ၂၀၂၁ နွေဦးတော်လှန်ရေးက အဲ့ဒီ သမိုင်းအစဉ်အလာဆိုးတွေကို ရိုက်ချိုးဖျက်ဆီးပစ်ဖို့ အစွမ်းကုန် ကြိုးစားနေကြပြီ။ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ၈၈ ဒီမိုကရေစီအရေးတော်ပုံတို့ပြီးရင် ခုအချိန်ဟာ အမျိုးသား သွေးစည်းညီညွတ်မှု အရဆုံး အချိန်ပါ။ ဒါကို အကျိုးရှိရှိ သုံးနိုင်ကြဖို့ လိုပါတယ်။ ကျမတို့လူမျိုးစုံပြည်သူတွေရဲ့ သွေးစည်းညီညွတ်မှုကသာလျှင် အောင်ပွဲကိုဆောင်ကျဉ်းနိုင်မှာပါ။ ဒီ သွေးစည်းညီညွတ်မှုအင်အားနဲ့ စစ်အာဏာရှင်တွေကို ဖယ်ရှားပြီး စစ်အာဏာရှင်စနစ်ကို အဆုံးသတ်နိုင်မှသာ လွတ်လပ်ရေးအစစ်အမှန်ကို ရနိုင်မှာပါ။ တယောက်အားနဲ့၊ တစုတဖွဲ့အားနဲ့ မရနိုင်ဘူးဆိုတာကို အားလုံး သိနေကြပါလျက်နဲ့ စုစည်းညီညွတ်တဲ့ စစ်ရေး၊ နိုင်ငံရေးတပ်ပေါင်းစုကို မတည်ဆောက်နိုင်ကြဘူးဆိုရင်တော့ ခွင့်သာခိုက်မှမလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိလေလိမ့်လားလို့ ကိုယ့်ကိုယ်ပဲ အပြစ်တင်ကြရမှာပါ။

အဖက်ဖက်က ရှုံးနိမ့်မှုတွေကြောင့် စစ်အုပ်စု ပြာယာခတ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေချိန်မှာမှ ကျမတို့ အခွင့်ကောင်းကို မဖန်တီးနိုင်ဘူးဆိုရင်တော့ ကျမတို့တွေလောက် မိုက်မဲသူတွေ ရှိနိုင်ပါဦးမလားလို့ မေးခွန်းထုတ်ချင်ပါတယ်။ စစ်ရေးအောင်မြင်မှုတွေကို နိုင်ငံရေးနဲ့ မပေါင်းစပ်နိုင်ဘူးဆိုရင်တော့ တော်လှန်ရေးက ရှည်ကြာနေလိမ့်ဦးမှာ အသေအချာပါပဲ။ တော်လှန်ရေး ရှည်ကြာတာနဲ့အမျှ ကျတို့ရဲ့ ရင်းနှီးထည့်ဝင်ရမှုတွေက များပြားနေဦးမှာပါ။

တော်လှန်ရေးအဆက်ဆက်မှာ ကျဆုံးခဲ့ကြရတဲ့ အာဇာနည်သူရဲကောင်း ထောင်သောင်းအတွက် အဖိုးအဖွား၊ အမိအဖတွေ၊ ညီအကိုမောင်နှမ ဆွေမျိုးသားချင်း၊ သူငယ်ချင်းတွေ ကျရတဲ့မျက်ရည်တွေ အမြန်ဆုံး တိတ်နိုင်ဖို့အတွက်

- တော်လှန်ရေး အမြန် အောင်ဖို့လိုတယ်။
- စစ်အုပ်စုကို နိုင်ငံရေးနယ်ပယ်ကနေ မောင်းထုတ်နိုင်ဖို့ လိုတယ်။
- ကျမတို့အားလုံး နှုတ်တက်ဖွဖွ ရွတ်ဆိုနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက် အောင်မြင်နိုင်ဖို့ လိုပါတယ်။

ဒါမှသာလျှင် ကျမတို့အားလုံး လွတ်လပ်ရေး အစစ်အမှန်၊ ပြည်ထောင်စုအစစ်အမှန်ကို ရရှိရောက်ရှိနိုင်ကြလိမ့်မယ်လို့ အသေအချာ ယုံကြည်ကြောင်းပါ။

နွေဦးတော်လှန်ရေး မုချ အောင်မြင်ရမည်။




# ဗမာပြည် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနှင့် အသင်းအဖွဲ့အစည်းများကို မိတ်ဆက်ခြင်း (၃)

**စောဝင်း**

ဆရာဝင်းတင့်ထွန်းရဲ့ အနီးခေတ်မြန်မာနိုင်ငံသမိုင်းနဲ့ မြန်မာနိုင်ငံ နိုင်ငံရေးပါတီ အသင်းအဖွဲ့ အစည်း တပ်ပေါင်းစုများ အညွှန်း၊ ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ရဲ့ နိုင်ငံရေးပါတီမဟာမိတ်အဖွဲ့များအပေါ် လေ့လာသုံးသပ်မှု စာတမ်း၊ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်(KPSN)ရဲ့ ရှေ့ဆက်ရန်မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC) ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် စာတမ်းများနှင့် စာအုပ်များ၊ နိုင်ငံတကာ မြန်မာ့သတင်း(AIPP) ရဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း၊ နေ့စဉ် (ပုဂ္ဂလိက။ အစိုးရ) သတင်းစာများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ နှစ် (၃၀) ဖြတ်သန်းမှုသမိုင်း၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ (အခါအားလျော်စွာ) တင်ပြချက်။ ထုတ်ပြန်ချက်များနဲ့ Wikipedia တို့ကို မှီငြမ်းပြုစုတာပါ။

## (၇ – ၁)

**တိုင်းရင်းသားလူမျိုးစုအခြေစိုက်ပါတီများ**

| ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၁။ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ကျောက်တော် | ဦးစံသာအောင် | ဦးကျော်မင်း |
| ၂။ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ လားရှိုး | ဒေါ်အေးသီတာမြင့် | ဦးဂျာပို |

| ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၃။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ<br>လားရှိုး | ဦးထွန်းနိုင် | ဦးအောင်ကျော်ဖြိုး |
| ၄။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)<br>တောင်ကြီး | ဦးစံလွင် | ခွန်သိန်းဖေ |
| ၅။ ကယန်းအမျိုးသားပါတီ<br>ဖယ်ခုံ | ခွန်းဘီထူး | ခွန်းကလေးမင်း |
| ၆။ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ<br>ရန်ကုန် | ဦးအေးကြိုင် | ဒေါ်မေသန်းစိန် |
| ၇။ ကရင်ပြည်သူ့ပါတီ<br>ရန်ကုန် | ဦးထွန်းအောင်မြင့် | ဦးစောစေးဝါး |
| ၈။ ဝ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ<br>လားရှိုး | ဦးညီပလုပ် | ဦးဆိုင်းနပ် |
| ၉။ တအာင်း(ပလောင်) အမျိုးသားပါတီ<br>နမ့်ဆန် | ဦးအိုက်မုန်း | ဦးထွန်းကျော် |
| ၁၀။ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>မော်လမြိုင် | ဦးမောင်သိုက် | ဦးထွန်းရီ |
| ၁၁။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>တောင်ကြီး | ဦးစိုင်းအိုက်ပေါင်း | ဦးစိုင်းဘိုးအောင် |
| ၁၂။ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ<br>ရန်ကုန် | ဦးဇိုဇမ် | ဆလိုင်းကျဲအိုဘိခ်ထောင် |
| ၁၃။ ချင်းတိုးတက်ရေးပါတီ<br>ရန်ကုန် | ဦးနိုထန်ဘဲလ် | ဆလိုင်းရှိန်းထွန်း |
| ၁၄။ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>ညောင်ရွှေ | ဦးဝင်းမြင့် | ဦးအောင်ကြည်ဝင်း |
| ၁၅။ ဝ ဒီမိုကရက်တစ်ပါတီ<br>ဟိုပန် | ဦးခွန်ထွန်းလူ | ဦးစိုင်ပေါင်းနပ် |
| ၁၆။ ဖလုံ – စဝေါ်ဒီမိုကရက်တစ်ပါတီ<br>ဘားအံ | ဦးစောသိန်းအောင် | ဦးစဘီကျင်ဦး |
| ၁၇။ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ<br>မတူပီ | ဦးဟီဝါး | ဦးဆန်လှေးမန် |
| ၁၈။ ကမန်အမျိုးသားတိုးတက်ရေးပါတီ<br>ရန်ကုန် | ဦးလှတိုး | ဦးတင်လှိုင်ဝင်း |

| ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၁၉။ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>စစ်တွေ | ဦးစိန်လှကျော် | ဦးလေသာကျော် |
| ၂၀။ မြို့တိုင်းရင်းသားပါတီ<br>ဘူးသီးတောင် | ဦးအေးထွန်း | ဦးမင်းအောင် |
| ၂၁။ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>မန္တလေး | ဦးစိုင်းငွေအောင် | ဦးစိုင်းကျော်ညွန့် |
| ၂၂။ အရှိုချင်းအမျိုးသားပါတီ<br>ရန်ကုန် | ဆလိုင်းဟန်ကြည် | ဆလိုင်းအောင်မင်းလှိုင် |
| ၂၃။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်<br>ရန်ကုန် | ဦးခွန်ထွန်းဦး | ဦးစိုင်းညွန့်လွင် |
| ၂၄။ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ<br>ရွာငံ | ဦးမြသန်း | ဦးရဲလွင်ဦး |
| ၂၅။ မွန်အမျိုးသားပါတီ<br>မော်လမြိုင် | နိုင်ငွေသိမ်း | ဦးနိုင်ကြည်ဝင်း |
| ၂၆။ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ရန်ကုန် | ဦးပူကျင့်ရှင်းထန် | ပူဂင့်ကမ်းလျန် |
| ၂၇။ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ<br>လောက်ကိုင် | ဦးအန်ထော်နီစူ | ဦးလှသိန်း |
| ၂၈။ ကချင်အမျိုးသားကွန်ဂရက်ပါတီ<br>မြစ်ကြီးနား | ဒေါက်တာအမ်ကောန်လ | ဦးဂျီလန်းယော် |
| ၂၉။ လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>မြစ်ကြီးနား | ဦးရွှေမင်း | ဦးလာမာလေး |
| ၃၀။ ထားဝယ်တိုင်းရင်းသားများပါတီ<br>ထားဝယ် | ဦးအေးမင်း | ဒေါ်နွယ်နီသိန်း |
| ၃၁။ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်<br>တောင်ကြီး | | |
| ၃၂။ ရခိုင်အမျိုးသားပါတီ<br>စစ်တွေ | ဦးအေးမောင် | ဦးထွန်းအောင်ကျော် |
| ၃၃။ ချင်းဒီမိုကရေစီအဖွဲ့ချုပ်<br>ရန်ကုန် | ဦးပိုင်ဆာခ့် | ဆလိုင်းဝုမ်ဇပြောင် |
| ၃၄။ ခူမီး(ခမီး) အမျိုးသားပါတီ<br>ပလက်ဝ | | |

| ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|
| ၃၅။ ကရင်အမျိုးသားပါတီ<br>ရန်ကုန် | မန်းသိန်းရွှေ | မန်းကျော်ငြိမ်း |
| ၃၆။ မြို့အမျိုးသားဒီမိုကရေစီပါတီ<br>မြောက်ဦး | ဦးမြထွန်း | ဦးမောင်ကိုဌေးဝင်း |
| ၃၇။ ဓနုအမျိုးသားအဖွဲ့ချုပ်ပါတီ<br>ရွာငံ | ဦးတင်မောင်ဝင်း | ဦးနေမျိုး |
| ၃၈။ ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ<br>မန္တလေး | | |
| ၃၉။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>ပိုင်းမော် | ဒေါက်တာလခမ်ဒေါင်ခမ် | ဦးဘီဟောင်းဇယ် |
| ၄၀။ ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး<br>ဒီမိုကရက်တစ်ပါတီ ကျိုင်းတုံ | ဦးဟောင်ခမ်း | ဦးစိုင်းကျော်ကျော် |
| ၄၁။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>တာချီလိတ် | ဦးထွန်းအောင် | ဦးအားလယ် |
| ၄၂။ ဖိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ<br>ရန်ကုန် | ဦးခမ်အင်ထန်း | ဦးလက်ဆွမ်းခိုင် |
| ၄၃။ အမျိုးသမီးပါတီ(မွန်)<br>မော်လမြိုင် | မိသန်းရှင် | မိသန်းသန်းဆွေ |
| ၄၄။ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ<br>ဘူးသီးတောင် | ဦးအောင်ကျော်ဇော | ဦးထွန်းအေးမောင် |
| ၄၅။ ဝ လစ်ဘရယ်ဒီမိုကရက်တစ် ဖွံ့ဖြိုးရေးပါတီ<br>လားရှိုး | | |
| ၄၆။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ကျောက်တော် | ဦးကျော်မြင့် | ဦးမျိုးကျော် |
| ၄၇။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ<br>လွိုင်ကော် | ဦးဖိုးရယ် | ဦးသဲရယ် |
| ၄၈။ ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ<br>မြစ်ကြီးနား | | |
| ၄၉။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ<br>ဘားအံ | မန်းအောင်ပြည်စိုး | စောချစ်သန်း |
| ၅၀။ ရခိုင်ဦးဆောင်ကော်မတီ<br>စစ်တွေ | | |

၅၁။ ကချင်ပြည်နယ်ပြည်သူ့ပါတီ (၃ ပါတီပေါင်း)
မြစ်ကြီးနား

(၇ – ၈)
မဟာမိတ်အဖွဲ့များ
ကချင်ပြည်နယ်ပြည်သူ့ပါတီ
– ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
– ကချင်ဒီမိုကရက်တစ်ပါတီ
– စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ–ကချင်ပြည်နယ်
ကယား ၃ ပါတီမဟာမိတ်
– ကယားလူမျိုးစုဒီမိုကရေစီပါတီ
– လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)
– ကယန်းအမျိုးသားပါတီ
ချင်းမိသားစုပါတီများ
– ချင်းဒီမိုကရေစီအဖွဲ့ချုပ်
– ချင်းတိုးတက်ရေးပါတီ
– ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ
– ခူမီးအမျိုးသားပါတီ
– မြိုအမျိုးသားဒီမိုကရေစီပါတီ
– မြို့တိုင်းရင်းသားပါတီ
– မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
– တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ
– အရှိုချင်းအမျိုးသားပါတီ
– ဇိုတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)
– ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
– ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်
– ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
– ရခိုင်မျိုးချစ်ပါတီ
– မြိုအမျိုးသားဒီမိုကရေစီပါတီ
– ခူမီး (ခမီး) အမျိုးသားပါတီ
– ကယန်းအမျိုးသားပါတီ
– ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ

- ကချင်အမျိုးသားဒီမိုကရေစီကွန်ဂရက်
- ချင်းတိုးတက်ရေးပါတီ
- ချင်းဒီမိုကရေစီအဖွဲ့ချုပ်
- ကရင်အမျိုးသားပါတီ
- ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ
- ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
- မွန်အမျိုးသားပါတီ

ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ်(FDA)

- ကရင်ဒီမိုကရက်တစ်ပါတီ
- ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
- ကရင်ပြည်သူ့ပါတီ
- ခေတ်သစ်ပြည်ထောင်စုပါတီ
- ချင်းတိုးတက်ရေးပါတီ
- ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ
- ဒီမိုကရက်တစ်ပါတီ (မြန်မာ)
- ပြည်ထောင်စုဒီမိုကရေစီပါတီ
- ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ
- ဗမာပြည်သူ့ပါတီ
- မဟာမိတ်တောင်သူလယ်သမားပါတီ
- မြန်မာအမျိုးသားကွန်ဂရက်ပါတီ
- မြိုအမျိုးသားဒီမိုကရေစီပါတီ
- ရခိုင်မျိုးချစ်ပါတီ

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း(NBF)

- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
- ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ
- ရခိုင်အမျိုးသားပါတီ
- မွန်ဒေသလုံးဆိုင်ရာဒီမိုကရက်တစ်ပါတီ
- ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ
- ~~တအာင်း (ပလောင်) အမျိုးသားပါတီ~~
- ‘ဝ’ ဒီမိုကရက်တစ်ပါတီ
- အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
- ဓနုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးပါတီ

- တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေးပါတီ
- တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ
- ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
- ကယားလူမျိုးစုဒီမိုကရေစီပါတီ
- ထားဝယ်တိုင်းရင်းသားများပါတီ
- ဖက်ဒရယ်ပြည်ထောင်စုပါတီ
- ကချင်ဒီမိုကရက်တစ်ပါတီ
- မြိုတိုင်းရင်းသားပါတီ
- ခမီးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
- ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
- ဓနုအမျိုးသားအဖွဲ့ချုပ်ပါတီ
- အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ

တိုင်းရင်းသားနိုင်ငံရေးပါတီတွေရဲ့ မဟာမိတ် (သို့) တပ်ပေါင်းစု စုဖွဲ့မှုတွေဟာ အများအားဖြင့်တော့ ရွေးကောက်ပွဲအတွက် ဦးတည်ချက်ထား စုဖွဲ့ကြတယ်။ ဒါပေမဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် လိုမျိုး နိုင်ငံရေးအခြေခံအပေါ် စုဖွဲ့ကြမှုမျိုးလည်း ရှိကြတယ်။

## (၈)

အစိုးရတပ် မဟုတ်သည့် လက်နက်ကိုင် တပ်ဖွဲ့များ

၁) ကချင်လွတ်မြောက်ရေးတပ်မတော်။ ကချင်လွတ်မြောက်ရေးအစည်းအရုံး(KIA / KIO) ယခင် UNFC အဖွဲ့ဝင်

၂) ချင်းအမျိုးသားတပ်ဦး (CNF) ယခင် UNFC အဖွဲ့ဝင်

၃) ကွတ်ကီးအမျိုးသားအဖွဲ့ – မြန်မာနိုင်ငံ (KNO - B)

၄) နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN - K)

၅) ရခိုင်တပ်တော် (AA)

၆) ရခိုင်လွတ်မြောက်ရေးပါတီ ALP ။ တပ်မတော် ALA (ALP + ALA = RSL ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ) ယခင် UNFC အဖွဲ့ဝင်

၇) ရခိုင်အမျိုးသားကွန်ဂရက် (ANC)

၈) ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်။ အစည်းအရုံး (UWSA / P) ယခင် UNFC အဖွဲ့ဝင်

၉) အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (ရှမ်းအရှေ့ NDAA)

၁၀) မြန်မာနိုင်ငံ တိုင်းရင်းသားဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု (ကိုးကန့် MNDAA - ESS)

၁၁) ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ။ ရှမ်းပြည်တပ်မတော်(RCSS / SSA) UNFC အဖွဲ့ဝင်

၁၂) ရှမ်းပြည်တိုးတက်ရေးပါတီ။ ရှမ်းပြည်တပ်မတော် (SSPP / SSA)

၁၃)　ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)
၁၄)　ပအိုဝ်းအမျိုးသားအစည်းအရုံး (PNG) (BGF)
၁၅)　တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ယခင် UNFC အဖွဲ့ဝင်
၁၆)　လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ယခင် UNFC အဖွဲ့ဝင်
၁၇)　ကရင်အမျိုးသားအစည်းအရုံး(KNU) ယခင် UNFC အဖွဲ့ဝင်
၁၈)　ကရင် ငြိမ်းချမ်းရေးကောင်စီ (KNLA PC)
၁၉)　ဒီမိုကရက်တစ် ကရင်အမျိုးသားအကျိုးပြုတပ်မတော် (DKBA) (ခွဲထွက် BGF သီးခြားရှိ)
၂၀)　ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) UNFC အဖွဲ့ဝင်
၂၁)　ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး (KNPLF) (BGF)
၂၂)　ကယန်းပြည်သစ်ပါတီ။ တပ်မတော် (KNLP)
၂၃)　မွန်ပြည်သစ်ပါတီ (NMSP) UNFC အဖွဲ့ဝင်
၂၄)　မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)
၂၅)　ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)
၂၆)　ရလလဖ BGF
၂၇)　နယ်ခြားစောင့်တပ် (BGF) နှင့် ပြည်သူ့စစ်များ

လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဟာ ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း အဆများစွာ တိုးပွားပါတယ်။ အခုဖော်ပြတဲ့ ၂၀၂၀ အထိကာလ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေထဲမှာကို စစ်အုပ်စုက အသိအမှတ်မပြုဘဲထားတဲ့ (တဖွဲ့ချင်း သီးခြားအပစ်ရပ်။ NCA နဲ့ အပစ်ရပ်။ BGF ထဲ ထည့်သွင်း ... ဘယ်မှာမှ မပါတဲ့) အင်အားစုတွေရှိနေတာ သတိပြုသင့်ပါတယ်။

(၉)

ကျနော့်ရဲ့ ဗမာပြည်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် အသင်းအဖွဲ့အစည်းများကို မိတ်ဆက်ခြင်းဆိုတဲ့ တင်ပြချက်ကို ဒီ အပိုင်း(၄)မှာ အဆုံးသတ်ပါတယ်။ ကာလအားဖြင့် ၂၀၂၀ ခုနှစ်အထိပဲ update ဖြစ်ပါမယ်။ ၂၀၂၀ ရွေးကောက်ပွဲအလွန်၊ ၂၀၂၁ အာဏာသိမ်းမှုကြီး အပြီး၊ ၂၀၂၃ နိုင်ငံရေးပါတီများကို အစီအစဉ်ရှိရှိ လုပ်ကြံဖျက်သိမ်းမှုတွေရဲ့နောက် ဒီနေ့ လက်ရှိအထိ ပါတီ၊ အသင်းအဖွဲ့တွေနဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ အသစ်ဖြစ်ထွန်း တိုးတက်လာတဲ့ အခြေအနေအပေါ် ကာလတခု အချိန်ယူပြီး လေ့လာ ဖြည့်စွက်ကြရမယ် ထင်မိပါတယ်။

စောဝင်း

# တော်လှန်ရေး အားကောင်းလာချိန်နှင့် အမှုဝါဒီများ၏ မြေကုန်လက်ပမ်းကျချိန်

(နွေဦးတော်လှန်ရေးဘာသာပေါင်းစုံကွန်ရက်၊ ၃.၁.၂၀၂၄)

**ဒေါ်နှင်းနှင်းမွှေး**

(တွဲဖက်အထွေထွေအတွင်းရေးမှူး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

ဒီစကားဝိုင်းမှာ ပါဝင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်တဲ့ နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်ကို ကျေးဇူးတင်ပါတယ်။ အမျိုးသားလွတ်မြောက်ရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး တိုက်ပွဲအဆက်ဆက်မှာ အသက်၊ ခန္ဓာ ဘဝတွေ ထည့်ဝင်ခဲ့ကြတဲ့ တော်လှန်ရေးရဲဘော်အပေါင်းကိုလည်း အလေးအနက် ဦးညွှတ်ဂါရဝပြုကြောင်းကိုလည်း တပါတည်းပြောပါရစေ။

မနက်ဖြန် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် ကျမတို့နိုင်ငံ အင်္ဂလိပ်လက်အောက်ကနေ လွတ်မြောက်ခဲ့တာ ၇၆ နှစ် ပြည့်ပါပြီ။ လွတ်လပ်ရေးရတယ်လို့ဆိုပေမယ့် လူထုက တကယ်ရော လွတ်လပ်ခဲ့ပါရဲ့လား။ တကယ်တန်းမှာ လူထုလွတ်လပ်ရေး မဟုတ်ဘဲ လူတစုလွတ်လပ်ရေးသာ ဖြစ်ခဲ့ရပါတယ်။ လက်နက်ကိုင်တော်လှန်ရေးတွေလည်း ၁၉၄၈ ကတည်းက လွတ်လပ်ရေးရဲ့ ဖွားဖက်တော်အဖြစ်ပါလာခဲ့တာဟာ ဒီကနေ့ နွေဦးတော်လှန်ရေးကာလအထိ ဖြစ်တယ်ဆိုတာကို တွေ့ရတယ်။ ဒီလို ဘာကြောင့် ဖြစ်ခဲ့ရတာလဲလို့ အရင်းစစ်လိုက်ရင် ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်တွေကို လျစ်လျူရှုပြီး အာဏာရအစိုးရအဆက်ဆက်က ပြည်ထောင်စုနာမည်ခံ တပြည်ထောင်စနစ်ကိုသာ တည်ထောင်ခဲ့တယ်။ ဘာသာတရားတွေကြားမှာ တန်းတူညီမျှမှုမရခဲ့ဘူး။ ဒီမိုကရေစီအခွင့်အရေးတွေ ဆိတ်သုဉ်းခဲ့ရတယ်။ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံခဲ့ရတယ်။ စစ်တပ်ခေါင်းဆောင်တွေက ပြည်တွင်းစစ်မီးကို ပိုတောက်လောင်အောင်လုပ်ပြီး စစ်အင်အားကို အစဉ်တစိုက်တိုးချဲ့ခဲ့တယ်။ တိုင်းရင်းသားတွေကြားမှာ တန်းတူညီမျှမှု မရှိခဲ့ဘူး။ မဟာဗမာလူမျိုးကြီးဝါဒ လက်ကိုင်ပြုခဲ့တယ်။ စတဲ့အချက်တွေကို တွေ့ရပါတယ်။ ဒါ့အပြင် စစ်တပ်က အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီ၊ နဝတ၊ နအဖ၊ စကစ စတဲ့ နာမည်အမျိုးမျိုးနဲ့ အာဏာသိမ်းမှုတွေ တောက်လျှောက် လုပ်လာခဲ့တယ်။ ဒါကြောင့်မို့လို့ ကျမတို့ပြည်သူတွေဟာ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တယား ဆိုတဲ့ စစ် ၃ စစ်ရဲ့ ရက်စက်စွာ ဖိနှိပ်မှုအောက်မှာ ကနေ့အချိန်ထိပဲ ဖြစ်ပါတယ်။

၂၀၂၁၊ ဖေဖော်ဝါရီ၊ ၁ ရက်နေ့ စတင် အာဏာသိမ်းချိန်ကနေ စတင်ခဲ့တဲ့ နွေဦးတော်လှန်ရေးဟာ နောက်လဆိုရင် ၃ နှစ် ပြည့်တော့မှာ ဖြစ်တယ်။ နိုင်ငံတကာတော်လှန်ရေးတွေနဲ့ ယှဉ်ကြည့်လိုက်ရင် ၃ နှစ်ဆိုတဲ့ကာလဟာ ဘာမှမကြာလှဘူးလို့ ထင်နိုင်ကောင်းစရာရှိတယ်။ သို့သော်လည်းပဲ ကျမတို့ ရင်ဆိုင် ကြုံတွေ့နေရတဲ့ ဖက်ဆစ်စစ်အုပ်စုကတော့ မီးကုန်ယမ်းကုန် မိုက်မဲဆိုးသွမ်း ရက်စက်တဲ့သူတွေ ဖြစ်ကြတယ်။ သူတို့အာဏာတည်မြဲရေးအတွက်ဆိုရင် ဘယ်လိုလုပ်ရပ်မျိုးကိုမဆို ကျူးလွန်ရဲတဲ့ လူစိတ်ပျောက်နေသူတွေ ဖြစ်ကြတယ်။ ဒီလိုလူတွေကို ရင်ဆိုင်နေရတဲ့ ကျမတို့ပြည်သူတွေအဖို့၊ တော်လှန်ရေး နိုင်ငံရေး အင်အားစုတွေအဖို့ကတော့ ဒီ ၃ နှစ်တာကာလဟာ အမှောင်တကာ့ အမှောင်

မိုက်ဆုံး၊ အခက်ခဲအပင်ပန်းဆုံးကာလလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျမတို့တွေဟာ ဒီလို ခက်ခဲပင်ပန်းတဲ့ ကာလကို တော်လှန်ရေးအောင်လိုစိတ်နဲ့ တောင့်ခံခဲ့ကြတယ်။ ဘယ်လို ရက်စက်မှုမျိုးကိုမဆို၊ ဘယ်လို ကြမ်းတမ်းမှုမျိုးကိုမဆို သက်လုံကောင်းကောင်းနဲ့ ဆက်လက် တိုက်ပွဲဝင်နေကြဆဲ ဖြစ်ပါတယ်။

ဒီ စစ်အုပ်စုရဲ့ ဆိုးယုတ်မှုတွေကတော့ ပြောလို့တောင်ကုန်မယ် မထင်ပါဘူး။ မနေ့တနေ့ ကတောင်မှ ရှမ်းပြည်ဘက်မှာ ဓာတ်ငွေ့ဗုံးတွေ ကြဲချလို့ ပြည်သူတွေ အဆိပ်သင့်ကြရတယ်။ ကလပ်စတာ လို့ခေါ်တဲ့ ဆင့်ကွဲဗုံးတွေကို စစ်ဘေးဒုက္ခသည်စခန်းတွေ၊ စာသင်ကျောင်းတွေ လူနေအိမ်ခြေတွေ အပေါ်ပါမချန် ကြဲချတဲ့သတင်းတွေလည်း ကျမတို့ မကြာခဏကြားနေရတယ်။ ဒီလို ဖက်ဆစ်ထက် တောင် ဆိုးတဲ့ စစ်အုပ်စုနဲ့ ရင်ဆိုင်ရာမှာ တော်ရုံစိတ်ဓာတ် ဖွဲ့နပဲမျိုး၊ တော်ရုံသက်လုံမျိုးနဲ့တော့ တောင့်ခံလို့ မရပါဘူး။ ဒါပေမဲ့ ကျမတို့တွေ လုပ်နိုင်ခဲ့တယ်၊ လုပ်နေဆဲလည်းဖြစ်ပါတယ်။

ဒီလိုလုပ်နိုင်ဖို့အတွက် ကျမတို့မှာ ဘာတွေရှိနေသလဲဆိုတာ ပြန်ပြီး ဆန်းစစ်ကြည့်လိုက်ကြရ အောင်။ လိုအပ်ချက်တွေ၊ အားမလို အားမရဖြစ်မှုတွေ ရှိနေပေမယ့်လည်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ NUCC ရှိတယ်။ အမျိုးသားညီညွတ်ရေးအစိုးရ NUG ရှိတယ်။ ကြားကာလ ပြည်နယ်ဖက်ဒရယ်ကောင်စီတွေ ရှိတယ်။ ပြည်သူ့ဘက်မှာ ရပ်တည်တဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေ ရှိတယ်။ နွေဦးတော်လှန်ရေးတပ်ဖွဲ့တွေ ရှိတယ်။ ဘက်ပြောင်းလာတဲ့၊ လက်နက်ချ အလင်းဝင်လာတဲ့ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ရှိတယ်။ CDM တွေ ရှိတယ်။ နိုင်ငံတကာ အစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိကြတဲ့ နိုင်ငံတကာရောက် မြန်မာနွယ်ဖွားတွေ ရှိတယ်။ အထူးသဖြင့်ကတော့ စစ်အုပ်စုရဲ့ ရက်စက်ကြမ်းတမ်းမှုမျိုးစုံကို သက်လုံ ကောင်းကောင်းနဲ့ တောင့်ခံရင်း တော်လှန်ရေးမှာ နည်းသဏ္ဌာန်ပေါင်းစုံနဲ့ ပါဝင်နေကြတဲ့ ကျမတို့ရဲ့ လူမျိုးစုံပြည်သူတွေ ရှိကြပါတယ်။

တချို့က လူတွေကို အပေါ်ယံကြောလောက်ကြည့်ပြီး အပြစ်တင်ပြောဆိုကြတာမျိုးတွေ ကြားရတာလည်း ရှိတယ်။ ဒီနေရာမှာ ကျမ တခု ပြောချင်တာက ကျမတို့ဟာ လူသားတွေ ဖြစ်ကြတယ်။ လူသားတွေ ဖြစ်ကြတာနဲ့အညီ ပျော်စရာရှိရင်ပျော်ပါ၊ ငိုစရာရှိရင်ငိုပါ။ ဝမ်းနည်းစရာ၊ စိတ်ဆိုးစရာ ရှိခဲ့ရင်လည်း ဝမ်းနည်းစိတ်ဆိုးကြပါ။ လုပ်စရာရှိတာကိုလည်း လုပ်ကြပါလို့ ပြောချင်တယ်။ လုပ်စရာရှိတာ တွေကို လုပ်လည်း လုပ်နေကြတယ်ဆိုတာ ကျမတို့ သိပါတယ်။ လူမဆန်တဲ့သူတွေကို ရင်ဆိုင်ဖို့ရာ ကျမတို့မှာ ခွန်အားတွေ ရှိနေဖို့လိုတယ်။ နည်းပရိယာယ်တွေ သုံးဖို့လိုတယ်။ အပေါ်ယံလောက်ပဲ ကြည့်ပြီးတော့ မဆုံးဖြတ်လိုက်ကြဖို့ပါပဲ။ စစ်အုပ်စုက ကျမတို့တွေ စိတ်ဓာတ်ပျက်ပြားနေတာကို မြင်ချင်တယ်။ ပူဆွေးသောကရောက်နေကြတာကို ဖြစ်စေချင်တယ်။ ဒါကြောင့်မို့လည်း ရက်စက်တဲ့ နည်းပေါင်းစုံကိုသုံးပြီး ကျမတို့ကို စိတ်ဓာတ်စစ်ဆင်ရေး လုပ်နေတာဖြစ်တယ်။ ဖိနှိပ်နေတာ ဖြစ်တယ်။ သူတို့ဖြစ်စေချင်သလိုမျိုး ကျမတို့က ဘာကြောင့်အဖြစ်ခံရမလဲ။ သူတို့ ဖြစ်စေချင်သလို ဖြစ်မနေဘူးဆိုတာကို ပြရင်းနဲ့ပဲ စစ်အုပ်စုကို တော်လှန်ကြရမှာဖြစ်တယ်။ ဘာပဲလုပ်လုပ် အစွန်းမရောက်စေဘဲ မဇ္ဈိမပဋိပဒါ ဆိုတဲ့ အလယ်အလတ်တရားကို လက်ကိုင်ထားဖို့ လိုသလို အပ္ပမာဒေန သမ္ပာဒေထ မမေ့မလျော့ မပေါ့ဆကြဘဲနဲ့ မြဲမြံကြဖို့လည်း အရေးကြီးပါတယ်။ တော်လှန်ရေးကာလမှာ သတိတချက်လေး လစ် လိုက်တာနဲ့ ခံလိုက်ရတဲ့ ဥပမာသာဓကတွေ အများကြီး ရှိခဲ့ပါတယ်။

ဒီနေရာမှာ တဆက်တည်း ပြောချင်တာကတော့ ခု အောင်မြင်မှုရနေတဲ့ ၁၀၂၇၊ ၁၁၁၁ စတဲ့ စစ်ဆင်ရေးတွေဟာ ရှေ့ရှေ့ကစစ်ရေးတွေရဲ့ အဆက်ဖြစ်တယ်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေဟာ လွတ်လပ်ရေး ရပြီးခါစကတည်းက အာဏာရှင်တွေကို၊ စစ်အာဏာရှင်တွေကို လက်နက်စွဲကိုင် တော်လှန်ခဲ့ကြတာ ဖြစ်တယ်။ အောင်ပွဲတွေလည်း ရသင့်သလောက် ရခဲ့ကြပြီး စိုးမိုးဒေသတွေလည်း ရှိနေကြတာ ဖြစ်တယ်။ ဒါတွေကိုလည်း မမေ့မလျော့ သတိပြုကြဖို့ လိုပါတယ်။ ၂၀၂၁ နွေဦးတော်လှန်ရေးဟာ ၁၉၆၂၊ ၁၉၇၄–၇၅–၇၆၊ ၁၉၉၆၊ ရှစ်လေးလုံး၊ ကိုးလေးလုံး၊ ၂၀၀၇ အစရှိတဲ့ တော်လှန်ရေးတွေရဲ့ အဆက်ဖြစ်တယ်ဆိုတာကိုလည်း မမေ့လျော့ကြစေချင်ပါဘူး။

မနက်ဖြန်ဟာ လွတ်လပ်ရေးနေ့ဖြစ်တဲ့ အတွက်ကြောင့် ဒီခေါင်းစဉ်နဲ့ တိုက်ရိုက်မသက်ဆိုင်ပေမယ့် ဒုတိယပိုင်းမှာ မဖြစ်မနေ ထည့်သွင်းပြောချင်တဲ့ ကိစ္စတခုရှိပါတယ်။ အရေးကြီးတဲ့ကိစ္စ ဖြစ်တာကြောင့် ပြောချင်တာပါ။ အဲဒါကတော့ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စပါပဲ။

ကျမတို့ နွေဦးတော်လှန်ရေးရဲ့ အန္တိမပန်းတိုင်ဟာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အပြည့်အဝ အာမခံချက်ပေးနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပဲ ဖြစ်ပါတယ်။ ဖက်ဆစ်စစ်တပ်ကို အမြစ်ဖြတ်ပြီး စစ်အာဏာရှင်စနစ်ကို အကုန်အစင် သုတ်သင်ချေမှုန်းနိုင်မှသာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ပေါ်ပေါက်လာမယ့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမှာ လူမျိုးစုံ ပြည်သူတွေအားလုံး လွတ်လပ်၊ တန်းတူ၊ မျှတစွာ နေထိုင်နိုင်မယ့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံတရပ် ဖြစ်စေဖို့ အထူးပဲ လိုအပ်ပါတယ်။ ကျမတို့ရဲ့ နားလည်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက နိုင်ငံတခုရဲ့ အသက်သွေးကြောဖြစ်ပြီး အုပ်ချုပ်သူ အစိုးရနဲ့ အုပ်ချုပ်ခံ ပြည်သူလူထုတို့အကြား ချုပ်ဆိုထားရှိတဲ့ စာချုပ်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျမတို့နိုင်ငံမှာ ရေးဆွဲပြဌာန်းခဲ့တဲ့ ၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ အစရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မှန်သမျှက ပြည်ထောင်စုအရေခြုံထားတဲ့ တပြည်ထောင်စနစ်သာ ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ အဲဒီ သမိုင်းအစဉ်အလာဆိုးတွေကို သင်ခန်းစာရယူပြီး ဖွဲ့စည်းပုံရေးဆွဲရာမှာ အရင်က အမှားတွေနဲ့ ပြဿနာရင်းမြစ်တွေကို ဖြေရှင်းနိုင်တဲ့ အယူအဆတွေ၊ အမြင်တွေ ပါဝင်နိုင်မှသာ အမှန်တကယ် လွတ်မြောက်ရေး၊ လွတ်လပ်ရေးကို လူမျိုးစုံပြည်သူတွေ ရရှိနိုင်မှာဖြစ်ပါတယ်။

ဆွေးနွေးပွဲခေါင်းစဉ်ကို ဆက်ရရင်တော့ အခုဆိုရင် စစ်အုပ်စုဟာ စစ်ရေးအရ ဆုံးရှုံးမှုတွေ များပြားလွန်းလို့ တော်တော်လေးကို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာ တွေ့ရတယ်။ စစ်ဆင်ရေးတွေ အရှိန်မြင့်တက်လာပြီး စခန်းတွေ တခုပြီးတခု၊ မြို့တွေ တမြို့ပြီးတမြို့ လက်လွှတ်ရချိန်မှာ တော်တော်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်လာတယ်။ တရုတ်ကို တောင်းပန်ခယပြီး တရုတ်ရဲ့ အကူအညီနဲ့ မြောက်ပိုင်း ၃ ဖွဲ့နဲ့ တရုတ်ပြည်မှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ ဒီစစ်အုပ်စုဟာ ဘယ်တုန်းကမှ ငြိမ်းချမ်းရေးရလိုစိတ် မရှိခဲ့ဘူး။ စေ့စပ်ဆွေးနွေးရေး သန္ဓေမှန် ဘယ်တုန်းကမှ မပါခဲ့ဘူးဆိုတာကို သူတို့ရဲ့ ပြုမူ ပြောဆိုချက်တွေထဲမှာ ကျမတို့ အထင်းသား တွေ့နေရတယ်။

တရုတ်ရဲ့ အတင်းအဓမ္မ ကြားဝင်စေ့စပ်မှုကြောင့် မြောက်ပိုင်း ၃ ဖွဲ့နဲ့ စစ်အုပ်စုက ဗိုလ်ချုပ်တွေနဲ့ ၂၀၂၃၊ ဒီဇင်ဘာ ၂၃ ရက်နေ့တုန်းက တရုတ်ပြည် ကူမင်းမြို့မှာ တွေ့ပြီး စကားပြောခဲ့ကြတယ်။ အဲ့လို တွေ့ကြရာမှာ စကစ – ငြိမ်းချမ်းရေးကော်မတီ – NSPNC အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး

မင်းနိုင် က  မင်းတို့ တိုင်းရင်းသားတွေရဲ့ မမိုရွာဒေသတွေကို စစ်ရေးနည်းနဲ့ တိုက်ယူလို့ ရခဲ့ရင်တောင် မင်းတို့ဒေသတွေ ဘယ်တော့မှ အေးချမ်းသာယာမှာ မဟုတ်ဘူး၊ ငါတို့မှာရှိတဲ့ လက်နက်ဆန်းတွေသုံးပြီး လေကြောင်းတိုက်ခိုက်ရေးနဲ့ အမြဲတမ်းပုံးကြဲနေမှာပဲ လို့ ပြောခဲ့ကြောင်းကို TNLA အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာ့ဘုန်းကျော် သူ့လူမှုကွန်ရက်စာမျက်နှာမှာ ရေးထားတာကို ကျမ ဖတ်လိုက်ရတယ်။ ဒါဟာ စစ်အုပ်စုရဲ့ တကယ့် စိတ်ရင်းအမှန်ဖြစ်တယ်။ အဲဒီလို စစ်အုပ်စုမျိုး၊ အဲ့ဒီလို စစ်အာဏာရှင်မျိုးတွေကို ကျမတို့ နိုင်ငံရေးနယ်ပယ်ကနေ ခုလို အခွင့်အခါကောင်းမှာ အပြီးအပိုင် မောင်းထုတ်ကြရမှာ ဖြစ်တယ်။ စစ် ၃ စစ် တိုက်ဖျက်ရေးတို့၊ ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်တို့ဆိုတဲ့ ကြွေးကြော်သံတွေက အလကား ပေါ်ထွက်လာတာ မဟုတ်ဘူး။ ကျမတို့ရဲ့ တော်လှန်ရေးလက်တွေ့ထဲက ရရှိချက်တွေ ဖြစ်တယ်။

ဒီနေရာမှာ ကျမတို့ သေသေချာချာကြီးကို သတိပြုကြရမယ့် အချက်တခုကို ပြောချင်ပါတယ်။ အဲဒါကတော့ တမျိုးသားတည်း လွတ်မြောက်ရုံနဲ့ မရဘူး။ အမျိုးသားအားလုံး လွတ်မြောက်ဖို့ လိုတယ်။ အမျိုးသားအားလုံး လွတ်မြောက်မှရမယ် ဆိုတာပါပဲ။ စစ်အာဏာရှင်တွေရဲ့ လှိုင်းကြမ်း လေကြမ်းကို ခံတဲ့အခါမှာ တယောက်ချင်း၊ တစုတဖွဲ့ချင်း လုပ်ကြလို့မရပါဘူး။ ကျမတို့အားလုံး လက်ချင်း မြဲမြဲချိတ်ထားပြီး စစ်အာဏာရှင်ကို အမြစ်ပြတ်အောင်တော်လှန်ကြရမယ်။ ဒါမှသာ တော်လှန်ရေး အောင်မြင်နိုင်လိမ့်မယ်။ စစ်အာဏာရှင်အခက်က ကျမတို့တော်လှန်ရေးအတွက် အချက်ဖြစ်ရအောင် အားလုံး ဝိုင်းဝန်းပြီး ကြိုးစားကြပါစို့။ အားကောင်းပြီး ခိုင်မာတဲ့ စစ်ရေးတပ်ပေါင်းစု၊ နိုင်ငံရေးတပ်ပေါင်းစု အမြန်ဆုံးပေါ်ထွက်လာအောင် ကြိုးစားကြပါစို့။ ဗိုလ်မှူးချုပ် တာ့ဘုန်းကျော်စကား ငှားသုံးရရင်တော့ ဒီခေတ်ရဲ့ မျိုးဆက်တွေအားလုံး လက်တွဲပြီး ယုံကြည်ရာကို သွေးချွေးနဲ့ ဗျူဟာကျကျ ထုဆစ်ကြပါစို့လို့ ပြောရင်းနဲ့ နိဂုံးချုပ်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

■



## လူ့ဘောင်သစ်ဂျာနယ်
## အမှတ် (၄) ၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ
## ဂျာနယ်အာဘော်

ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှတွင် စီးပွားရေးအရ အလားအလာအရှိဆုံးနှင့် အတိုးတက်ဆုံး နိုင်ငံတခုဖြစ်သည့် မြန်မာနိုင်ငံ၏စီးပွားရေးသည် စစ်အုပ်စု၏လက်အောက်တွင် ဆုတ်ယုတ်ပျက်ပြားသွားခဲ့သည်။ မည်မျှအထိ ဆုတ်ယုတ်ပျက်ပြားသွားသနည်းဟုဆိုလျှင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်သည်အထိ ကျရောက်သွားခဲ့ရသည်။

ထိုကဲ့သို့ တိုင်းပြည်ကို ဆုတ်ယုတ်ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည့် စစ်အုပ်စုသည် ၎င်းတို့၏ အုပ်စိုးမှု သက်ဆိုးရှည် တည်မြဲရေးအတွက် ဖိနှိပ်မှု၊ လှည့်စားမှု၊ ဖုံးကွယ်မှု၊ ခြိမ်းခြောက်မှု၊ လိမ်ညာမှုများဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရဟု နာမည်ခံခဲ့သည့် စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအမည်ဖြင့် အာဏာသိမ်းခဲ့သည်။ မြန်မာပြည်သူများ လိုလားတောင့်တနေသော ဆိုရှယ်လစ်စနစ် ရေစီးကြောင်းကို အမှီပြုလျှက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူသော နာမည်ကို ခံယူကာ စစ်အာဏာရှင်သရုပ်ကို ဖုံးကွယ်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နဝတ – နအဖ) နာမည်ဖြင့် အာဏာယူခဲ့ပြန်သည်။ ယခုလည်း မြန်မာပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံရေးစနစ်ကို အမှီပြုလျက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟုဆိုကာ စစ်အာဏာရှင်သရုပ်ကို ဖုံးကွယ်ရန် လုပ်ဆောင်နေသည်။

မေလ ၂၉ ရက်နေ့တွင် နအဖအစိုးရက သူတို့စိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုလိုက်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ မဲစာရင်းများကို အပြီးသတ် ကြေညာရန်အတွက် ရက်ပေါင်း ၄၀ ကျော် အချိန်ယူခဲ့သည့် အစိုးရသည် ယခု မဲစာရင်းကို ဆန္ဒခံယူပွဲ ကျင်းပပြီး ၅ ရက်အကြာတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက် ၂ ခုကို ယှဉ်ကြည့်လျှင် ပြည်သူအပေါ်ထားရှိသော နအဖ စစ်အစိုးရ၏ သဘောထားကို ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲသည် ပြည်သူများ၏ မျှော်လင့်ချက်အနာဂတ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများသည် အခက်အခဲ အကြပ်အတည်းများကြားမှ အမျိုးသားမိုကရေစီအဖွဲ့ချုပ်ကို တခဲနက် ထောက်ခံမဲများပေးခဲ့ကြသည်။

ယခု ကျင်းပသော ဆန္ဒခံယူပွဲသည် နအဖစစ်အစိုးရ၏ မျှော်လင့်ချက်အနာဂတ်ဖြစ်သည်။ ထို့ကြောင့် နအဖစစ်အစိုးရသည် ကိုယ်တိုင်ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်၍ လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ မဲခိုးခြင်း စသည့် နည်းမျိုးစုံဖြင့် ထောက်ခံမဲများ ရယူခဲ့သည်။ လူတသိန်းကျော်သေဆုံးပြီး မြန်မာနိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံး ကပ်ဘေးဆိုးကြီးဖြစ်သည့် နာဂစ်မုန်တိုင်းဒဏ်ကို ခံရသည့် မြန်မာပြည်သူများ၏ ဒုက္ခကို မစာနာဘဲ ဆန္ဒခံယူပွဲကို လုပ်ဆောင်ခဲ့သည်။

စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ခြင်းသည် ပြည်သူများ ဆင်းရဲဒုက္ခတွင်း နက်စေခြင်းသာဖြစ်ကြောင်း သမိုင်းက သက်သေပြပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကို မည်သို့သော ပုံသဏ္ဍာန်နှင့်မျှ အခြေမချနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ကြရမည် ဖြစ်သည်။ ■